www.burmeseclassic.com




BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
- ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်၏စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓါတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး၏ ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# PEE MAK

## ဘဝခြင်းခြားလဲ ချစ်နေမယ်

(ဘာသာပြန်ရုပ်ရှင်ဝတ္ထု)

### ဒေဝစကြာ

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စီစဉ်သူ | – | သန့်ဇင်ထွန်း |
| ထုတ်ဝေသည့်အကြိမ် | – | ပထမအကြိမ် |
| ထုတ်ဝေသည့်ကာလ | – | ဩဂုတ်လ၊ ၂၀၁၃ ခုနှစ် |
| ကွန်ပျူတာစာစီ | – | ကြယ်ပွင့် |
| မျက်နှာဖုံးဒီဇိုင်း | – | TZH |
| အဖုံးဖလင် | – | KABAOO |
| အတွင်းဖလင် | – | အေဇက် |
| စာအုပ်ချုပ် | – | ဂုဏ်မာန် |
| အတွင်းပုံနှိပ်နှင့် | – | ဒေါ်ကြည်ပြာသွယ် (၀၉၁၇၂) |
| မျက်နှာဖုံးပုံနှိပ် | | ဝင်းတိုးအောင်ပုံနှိပ်တိုက် |
| | | အမှတ် ၁၈၁၊ လမ်း ၅၀၊ |
| | | ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။ |
| ထုတ်ဝေသူ | – | ဦးသန့်ဇင်ထွန်း |
| | | ကြယ်ပွင့်စာပေ (မြဲ-၀၄၆၆၁) |
| | | အမှတ် ၄၄-ဘီ၊ မြေညီထပ်၊ |
| | | ရေလည်။ မင်္ဂလာတောင်ညွန့်မြို့နယ်။ |
| အုပ်ရေ | – | ၅၀၀ |
| တန်ဖိုး | – | ၁၅၀၀ ကျပ် |

### ထုတ်ဝေသည့် စာအုပ်ကတ်တလောက်အညွှန်း (CIP)

၈၉၅ . ၈၃

ဆေဇေကြာ

ဘဝခြင်းခြားလဲ ချစ်နေမယ် / ဆေဇေကြာ - ရန်ကုန်။

ကြယ်ပွင့်စာပေ၊ ၂၀၁၃။

၁၅၆ - စာ။ ၁၂ စင်တီမီတာ x ၁၈ စင်တီမီတာ


## ပါဝင်သည့်အခန်းများ


၁။ လကွယ်ညနှင့် သားချော့တေး

၂။ ရဲလေးဖေါ်နှင့် သရဲမ

၃။ ကျောက်နီလက်စွပ်နှင့် အရိုးစု

၄။ တစ္ဆေတည်ခင်းသော ညစာစားပွဲ

၅။ တကယ်သေတာ ဘယ်သူလဲ

၆။ သရဲနှင့် တစ်လှေထဲစီးခြင်း

၇။ ဘဝခြင်းခြားလဲ ချစ်နေမယ်

၈။ သရဲမှာလည်း အသဲနဲ့ပါ


www.burmeseclassic.com

www.burmeseclassic.com

## စာရေးသူထုတ်ဝေပြီးသော စာအုပ်များ


၁။ [illegible]
၂။ [illegible]
၃။ [illegible]
၄။ [illegible]
၅။ [illegible]
၆။ [illegible]
၇။ [illegible]
၈။ [illegible]
၉။ [illegible]
၁၀။ [illegible]
၁၁။ [illegible]
၁၂။ [illegible]
၁၃။ [illegible]
၁၄။ [illegible]
၁၅။ [illegible]
၁၆။ [illegible]
၁၇။ [illegible]
၁၈။ [illegible]
၁၉။ [illegible]
၂၀။ ငရဲသို့ရှုတ်ထမ်း
၂၁။ သေတမ်းတစားသူ
၂၂။ ခြိမ့်မှဲ့ချော
၂၃။ မရကတ်ခါး၏အခြားတစ်ဖက်
၂၄။ တမလွန်ခရီးသွား
၂၅။ လကွယ်ညအိပ်မက်ဆိုး
၂၆။ အသုဘလမ်းက အိမ်ကြီး
၂၇။ သိသရာအကျဉ်းသား
၂၈။ အဆိပ်သင့်ဗိညာဉ်
၂၉။ ခွေးနက်ကြီးနဲ့လူ
၃၀။ သေရွာပြန်ချစ်သူ
၃၁။ တစ္ဆေဂေဟာ
၃၂။ သရဲကျွန်းကမိစ္ဆာ
၃၃။ သင်္ချိုင်းမှအလည်လာသူ
၃၄။ ဒါန်းစီးတစ္ဆေ
၃၅။ ယက္ခမြို့မှတစ္ဆေမ
၃၆။ တစ္ဆေကျိန်စာ
၃၇။ ငရဲကလာတဲ့တစ္ဆေ
၃၈။ လူရှင်သုသာန်
(ယခုလ)
၃၉။ ဘဝခြင်းခြားလဲ ချစ်နေမယ်


## အမှာစကား

ပီမာ့ခ် Pee Mak ဆိုသော ရုပ်ရှင်ကား ရန်ကုန်မြို့လယ်တွင် တစ်လကျော်ပြသခဲ့ရသည့်တိုင်အောင် ကြိတ်ကြိတ်တိုးအားပေးနေကြတာ တွေ့ရသည်။ ယခင်က မြန်မာပြည်တွင် ရေပန်းစားခဲ့သည့် ဟောလီဝုဒ် (အမေရိကန်)၊ ဘောလီဝုဒ် (အိန္ဒိယ)၊ ဟောင်ကောင်မှ ထုတ်လုပ်သော ရုပ်ရှင်ကား မဟုတ်။ ထိုင်းကားတစ်ကားဖြစ်နေတာက ပို၍ဆန်းသည်။

ထိုင်းတွင် မတ်လ ၂၈ က စတင်ပြသခဲ့ရာ၊ ယခုအခါ ထိုင်းနိုင်ငံရုပ်ရှင်သမိုင်းတွင် ဝင်ငွေအများဆုံးဇာတ်ကားအဖြစ် ဘတ်သန်း ၅၆၀ ကျော်ရကာ စံချိန်တင်သွားသည်။ သူ့ရှေ့မှ ဝင်ငွေစံချိန် (ဘတ်



www.burmeseclassic.com

www.burmeseclassic.com



သန်း ၅၅၀) ဖြင့် တင်ထားသော ဆူနရိုထိုင်းရာဇဝင်ဇာတ်ကားကို ကျော်တက်သွားသည်။ အရှေ့တောင်အာရှ နိုင်ငံအတော်များများ ရုံတင်ပြသရာနေရာများ၌လည်း အောင်ပွဲခံနေသည်။ တကယ်တော့ ဤဇာတ်လမ်းမှာ ထိုင်းနိုင်ငံတွင် ဘိုးဘွားအစဉ်အဆက် ပြောဆိုလာခဲ့သော ဂန္ထဝင်သရဲပုံပြင်တစ်ပုဒ်သာ ဖြစ်သည်။ သူတို့နိုင်ငံတွင် ဤဇာတ်လမ်းကို ဝတ္ထုရေးဖူးသည်။ ရုပ်ပြရေးဖူးသည်။ ဇာတ်က ဖူးသည်။ ကာတွန်းအနေနဲ့ ရိုက်ဖူးသည်။ ရုပ်ရှင်အနေနဲ့လည်း မကြာခဏ ရိုက်ကြသည်။ ၁၉၉၉ က နာမည်ကျော်ခဲ့သော Nang Nak ဇာတ်ကားမှာ ဤဇာတ်လမ်းကို ရိုက်ကူးထားခြင်း ဖြစ်သည်။

ဤဇာတ်ကားကို ကြည့်သူအများစုမှာ လူငယ်များဖြစ်ကြသည်။ အချစ်ကို တန်ဘိုးထားပေါ်ကြူးထားသဖြင့် သူတို့ကြိုက်နှစ်သက်ကြဟန်တူသည်။ ရုပ်ရှင်က ဟာသရသနှင့် ဘယာနက (ထိတ်လန့်ခြင်း) ရသကို ရောနှောပေးနိုင်သည်။ မြန်မာနိုင်ငံတွင် တစ်ချို့က နှစ်ခါသုံးခါပြန်ကြည့်ကြသည်။ မကြည့်ရသေးသူကို ကြည့်ပြီးသူတွေက ကြည့်ဖို့ လက်တို့သည်။ လူငယ်ချင်းဆုံမိလို့ စကားပြောလျှင် မာ့ခ်နှင့် နာ့ခ်အကြောင်းက ပါလာသည်။ ဤအကြောင်းကိုမှ မသိလျှင် ထိုလူငယ်မှာ သိုးမည်းဖြစ်နေပေမည်။ မှေဘွတ် facebook





စာမျက်နှာများပေါ်တွင်လည်း ဤကားအကြောင်း ရေးကြပြောကြသည်။ ဒါကြောင့် ရုပ်ရှင်နှင့် ဝေးနေသော လက်လှမ်းမမှီသူများအတွက်၊ ဤဇာတ်ကားအကြောင်းကို ကြားရုံသာကြားဖူးကာ သိချင်သူများအတွင်၊ ဤဇာတ်ကားကို ဝတ္ထုအသွင်ရေးသားထုတ်ဝေလိုက်ပါသည်။ ရုပ်ရှင်ကိုကြည့်ကာ ရေးရသဖြင့် ဤဝတ္ထုကို ဘာသာပြန်ရုပ်ရှင်ဝတ္ထုဟု ခေါ်ရလေမလားမသိ။

မည်သို့ဆိုစေ . . . ဤမျှနာမည်ကြီးသော ရုပ်ရှင်အားအမြည်းသဘောလောက် ခံစားရလျှင်ပင် စာရေးသူတစ်ဦးအနေဖြင့် ကျေနပ်ဝမ်းမြောက်မိမည် ဖြစ်ပါကြောင်း . . .။

လေးစားလျက်

**ဒေဝစကြာ**

(ဇွန် ၂၀၁၃)



www.burmeseclassic.com

www.burmeseclassic.com

* တစ်ခါတရံ နှာခံအိမ်မှ သားချော့သီချင်းသီဆိုနေသံကို ကြားရတတ်သည်။ အခုလည်း နှာခံသည် လှေဆိပ်တံတားထိပ်တွင် ကလေးပိုက်ကာ ရပ်ရင်း . . .

## (၁) လက်ကွယ်ညနှင့် သားချော့တေး

www.burmeseclassic.com

www.burmeseclassic.com

## (၁) လက္ခဏာယ်ညနှင့် သားချော့တေး

အလင်းရောင်က တစထက်တစ လျှော့ပါးဆုတ်ယုတ်စပြုလာသည်။ ချောင်းရိုးတလျှောက် ခနိတော တောအုပ်အပေါ်၌ အမှောင်ထုက တစထက်တစ မင်းမူလာ၏။ ဖါခနောင်းရွာကလေးမှာ မြစ်ဝကျွန်းပေါ် ရွာကလေးတစ်ရွာ ဖြစ်သည်နှင့်အညီ ရေလုပ်ငန်းကို အသက်မွေးဝမ်းကြောင်းပြုနေရသူတွေ များ၏။ ငါးရှာထွက်သူတို့သည် လုံးဝအမှောင်ကျရောက်မလာခင် အိမ်ပြန်ရောက်ရန် သူတို့လှေကလေးများကို ချောင်းရိုးတလျှောက် ခပ်သွက်သွက် လှော်ခတ်လာကြ၏။ သူတို့မျက်နှာများပေါ်တွင် အထင်အရှားပေါ်လွင်နေတာ



www.burmeseclassic.com

www.burmeseclassic.com



က ကြောက်လန့်ရှုံ့ထိတ်ခြင်း ဖြစ်သည်။ ဒီနေ့ကား လကွယ်ညတစ်ည ပင် ဖြစ်လေသည်။

ချောင်းရိုးကလေးတလျှောက် ရေစပ်ရှုံ့နှံ့တောတွင် လှုံ့နေ အိမ်ကလေးများမှာ တစ်အိမ်နှင့်တစ်အိမ် ခပ်ကြဲကြဲ၊ ခပ်လှမ်းလှမ်း တည်ရှိနေသည်။ ထိုအထဲတွင် အစွန်ဆုံးကျသော အိမ်ကလေးတစ် အိမ်ကား ထူးခြားရှုံနေသည်။ အိမ်ကလေးမှာ လူသူမနေသလို တိတ် ဆိတ်မှောင်မဲနေ၏။ သို့သော် . . .

မကြာခင်မှာပင် ထိုအိမ်ထဲမှ အသက်နှစ်ဆယ်ကျော်အရွယ် မိန်းကလေးတစ်ယောက်သည် လသားအရွယ်ကလေးငယ်ကို ရင်ခွင် တွင် ပွေ့ပိုက်ကာ ထွက်လာသည်။ ငယ်ရွယ်သော ကလေးအမေမှာ အသားဖြူဖြူ၊ ပိန်ပိန်သွယ်သွယ်နှင့် ချောမောလှပသူတစ်ဦးဖြစ်လေ သည်၊ အလင်းရောင်အားနည်းသော ယခုလိုနေရာမျိုးမှာပင် ဝန်း စက်သော သူ့မျက်လုံးတွေ လှပစွာ အရောင်လင်းလဲ့နေသည်။ သူ သည် တစ်ခါက ဤရွာမှ အလှဆုံးမိန်းမပျိုလေးတစ်ယောက်ဖြစ်သည်။ ကံကောင်းသော ရွာမှလုလင်ကာလသား မာ့ခ်နှင့် အိမ်ထောင်ကျခဲ့ သည်။ မာ့ခ်နဲ့ နာ့ခ် . . . သူတို့နှစ်ယောက်အမည်တွေက ခပ်ဆင် ဆင်။ သူတို့နှစ်ဦးလုံးမှာ နုပျိုချောမောသူတွေဖြစ်သဖြင့် နေနဲ့လ





ရွှေနဲ့မြလို လိုက်ဖက်ကာ တစ်ရွာလုံးက အားကျခဲ့ကြရသည်။ သို့ သော် သူကိုယ်ဝန်ရှိစဉ်မှာပင် သူ့ခင်ပွန်းမာ့ခ်သည် စစ်ထွက်သွားရ သည်။ အခု မာ့ခ်က စစ်မြေပြင်မှာ . . .။

ကိုယ်ဝန်အရင့်အမာနှင့် နာ့ခ်သည် တစ်ညတွင် တစ်ဦး တည်း ကလေးမွေးဖွားရန် ကြိုးစားရင်း အဖေါ်ကင်းမဲ့စွာ သေဆုံးခဲ့ ရလေသည်။ ရွာက လူတွေကပင် ကလေးရော၊ မိခင်ပါ မြှုတ်နှံ သဂြိုလ်ပေးခဲ့ရ၏။ ခင်ပွန်းဖြစ်သူကို အစွဲအလမ်းကြီးလှသော နာ့ခ် ကတော့ မကျွတ်မလွတ်ဘဲ ထိုအိမ်ဂေဟာတွင် သရဲဖြစ်၍ နေလေ သည်။ ယခုလို လပြည့်လကွယ်ညများတွင် အိမ်ထဲမှ သူသည် ကလေး ပိုက်၍ ထွက်လာကာ အိမ်ရှေ့လှေဆိပ်တွင်ရပ်ရင်း . . .

မာ့ခ်ရေ . . . မာ့ခ်ရေ . . .

'ဟု တမ်းတအော်ခေါ်တတ်သည်။ သူ့အော်ခေါ်သံကို တစ် ရွာလုံးက ကြားကြရသည်။ အဲသလိုဆို တစ်ရွာလုံးပင် ထိတ်လန့်ကာ အိမ်တံခါးတွေပိတ်၊ ပုန်းအောင်းနေကြရ၏။ တစ်ခါတရံ နာ့ခ်အိမ်မှ သားချော့သီချင်းသီဆိုနေသံကို ကြားရတတ်သည်။ အခုလည်း နာ့ခ် သည် လှေဆိပ်တံတားထိပ်တွင် ကလေးပိုက်ကာ ရပ်ရင်း . . .

မာ့ခ်ရေ . . . မာ့ခ်ရေ . . .



www.burmeseclassic.com

www.burmeseclassic.com



ဟု တကြော်ကြော် အော်နေလေတော့သည်။

* * * *

နှာခ်၏ခေါ်သံက မှာခ်က မကြားနိုင်။ သူက ဝေးလံသော စစ်မြေပြင်မှာ ရောက်ရှိနေသည်။ အချိန်ကာလက ထိုင်းနိုင်ငံကို ရက်တန်နာကွန်ဆင်မင်းဆက် အုပ်စိုးနေသော ကာလဖြစ်သည်။ ဘုရင်နှင့် အိမ်နီးနားချင်းနိုင်ငံ စစ်ဖြစ်လေရာ၊ မှာခ်လည်း စစ်သား စုဆောင်းရာတွင် ပါ၍သွားလေသည်။ သူသည် ကိုယ်ဝန်အရင့်အမာ နှင့်ဇနီးဖြစ်သူကို ကျောခိုင်းကာ စစ်မြေပြင်ကို လိုက်ပါခဲ့ရသည်။ စစ်ပွဲက ကြာမြင့်သည်နှင့်အမျှ ပြင်းထန်လှသည်။ တစ်ဘက်ရန်သူ က သေနတ်တွေ အသုံးပြုသဖြင့် သူတို့စစ်တပ် ဖထိနာလှသည်။ ယခုတော့ သူသည် ဒဏ်ရာများစွာဖြင့် ကတုတ်ကျင်းထဲတွင် ရဲဘော် ရဲဘက်လေးယောက်နှင့် ရှိနေလေသည်။ ထိုလေးယောက်မှာ စစ် မြေပြင်ရောက်မှ တွေ့ကြရသော်လည်း စစ်မြေပြင်တို့ထုံးစံ သေတူ ရှင်ဖက်များဖြစ်သဖြင့် ငယ်သူငယ်ချင်းတွေလို ခင်မင်နေသော တာ ပ၊ံခ်၊ ရှင်းနဲ့ အေ့တို့ဖြစ်သည်။ သူတို့လည်း အသီးသီးဒဏ်ရာရနေ





ကြသည်။ သို့သော် သူ့လောက် မပြင်းထန်။

မှာခ်က ရင်ဘတ်က အောင့်နာလာကာ ချောင်းတစ်ချက် ဆိုးလိုက်သည်။ ပါးစပ်ထဲက ပွက်ကနဲ သွေးအန်ကျလာ၏။ သူငယ် ချင်းတွေက ပူပန်စွာ မေးကြသည်။

“မှာခ် . . ဘယ်လိုနေလဲ၊ မင်းအခြေအနေကောင်းရဲ့လား”

မှာခ်က ခေါင်းညိတ်ပြလိုက်သည်။ သူ့ရင်ဘတ်ကို ကျည် ဆံမှန်ထားသည့် ဒဏ်ရာက ပြင်းထန်သည်။ စစ်မြေပြင်ဖြစ်သဖြင့် သေသေချာချာ ကုသမှုမခံယူနိုင်။ ဖြစ်သလို ဆေးထည့်တာ ပတ်တီး စည်းပေးထား၏။ ထိုပတ်တီးမှာလည်း ဒဏ်ရာမှ စိမ့်ထွက်လာသော သွေးတွေ စွန်းထင်း၍နေသည်။

“မှာခ် . . . မင်း နောက်ဆုံးမှာခဲ့ချင်တဲ့ စကားရှိလား”

ရှင်းက မေးလိုက်သည်။ သူတို့က မှာခ်ကို ရှင်နိုင်မယ်မထင်။ မှာခ်က ခေါင်းခါပြကာ . . .

“မရှိဘူး၊ ငါရွာကိုရောက်အောင် ပြန်မှဖြစ်မယ်၊ ငါ့ဇနီးက ကိုယ်ဝန်အရင့်အမာနဲ့ ကျန်ခဲ့တာ၊ သူတို့ကို ငါသိပ်တွေ့ချင်တယ်”

သူ အားတင်းထားမှ ဖြစ်မည်။ သူသေ၍ မဖြစ်သေး။ ဒါမှ သူ့ဇနီးနှင့် သူ့ရင်သွေးကို တွေ့နိုင်မည်။ သူ့အကျႌရင်ဘတ်ကို လက်



www.burmeseclassic.com

www.burmeseclassic.com



နှင့်ဖိထားရာမှ အင်္ကျီအိတ်ထဲမှ ခုတုတုဖြစ်နေသော အရာတစ်ခုကို စမ်းမိသဖြင့် ထုတ်လိုက်သည်။ လက်သုံးလုံးလောက်ရှိသော ဘုရားပုံတော်ဆွဲသီးကလေး။ သူ့ကို ကုသည့်ဆရာဝန်က ပေးခဲ့ခြင်းဖြစ်သည်။

"ဒီအဆောင်ကလေး ဆောင်ထား၊ အန္တရာယ်ကင်းတယ်"

သူ့လက်ထဲမှ ဘုရားရုပ်ပုံတော် အဆောင်ဆွဲသီးကလေးမှာ သွေးတို့စွန်းပေလျက် ရှိလေသည်။

နောက်ရက်အနည်းငယ် ကြာသောအခါ . . .

ဖါခနောင်းရွာကလေး၏ လှေဆိပ်သို့ ပေါင်းမိုးဖြင့် လှေကြီး တစ်စီး ဆိုက်ကပ်လာသည်။ လှေပေါ်တွင် ရွာသို့ပြန်လာသော မှာခ်နှင့် သူ့အဖေါ်လေးယောက် ပါလာလေသည်။ သူတို့ကို မှာခ်က လမ်းကြုံသဖြင့် ရွာကိုအလည်ခေါ်လာခဲ့ခြင်း ဖြစ်သည်။

ထိုလှေဆိပ်မှနေ၍ မှာခ်အိမ်ကလေးရှိရာသို့ ချောင်းရိုးကလေးအတိုင်း လှေငယ်တစ်စီးနှင့် လှော်ခတ်လာခဲ့ရသည်။ ထိုအချိန်မှာ နေဝင်စပြုနေလေပြီ။ ချောင်းရိုးတလျှောက်မှာ အိမ်မြေကျဲပါးလှသည်။ သူတို့အိမ်အနီး ရောက်သောအခါ ပိတ်ထားသော အိမ်များကိုသာ တွေ့ရ၏။ လူသူတစ်ဦးတစ်ယောက်ကိုမှ မတွေ့ရ။ ထို





အနီးအနားမှ လူများမှာ သရဲမနာ့ခ်ကို ကြောက်ရွံ့ကာ အိမ်ပြောင်းပြေးသွားကြခြင်း ဖြစ်သည်ကို မှာခ်က မသိ။ ကျန်ရဲလေးဖေါ်ကလည်း ဤနေရာတွင် လူသူလေးပါးကင်းရှင်းနေသဖြင့် အံ့ဩနေကြသည်။

မကြာမီ အမှောင်ထုက ချောင်းရိုးတလျှောက် လွှမ်းမိုးလာ၏။ အေးမြခြင်း၊ တိတ်ဆိတ်ခြင်းနှင့် အမှောင်ထုကြီးစိုးနေခြင်းတို့က ဤနေရာကို ခြောက်ခြားဖွယ်ရာဖြစ်အောင် ဖန်တီးနေသကဲ့သို့ ဖြစ်နေလေသည်။ တကယ်တော့ သူတို့သည် စစ်မြေပြင်တွင် ဓါး၊ လှံကိုင်စွဲကာ ရန်သူကို ရဲရဲဝံ့ဝံ့ ရင်ဆိုင်တိုက်ခိုက်ခဲ့ကြသော စစ်သားကောင်းများဖြစ်သည်။ သူတို့ သူတို့သည် မိန်းဖလာယုံကြည်မှုအရ တစ္ဆေသရဲဆိုတာကိုတော့ ကြောက်သူများ ဖြစ်ကြသည်။ လှေကလေးက မှာခ်တို့အိမ်ရှေ့လမ်းတွင် ထိုးဆိုက်ရပ်လိုက်သည်။ တာ့၏လက်ထဲတွင် ဖန်မီးအိမ်တစ်ခုကိုင်ဆောင်ထားသဖြင့် ဖိတ်ဝန်းကျင်တဝိုက်မှာ ထင်လင်းမြင်သာနေသည်။

မှာခ်တို့အိမ်သည် ရွှံ့နွံထူထပ်သော ရေတက်ရေကျရှိသည့် ထိုဒေသတွင် ဆောက်လေ့ရှိသော အိမ်ပုံစံ၊ ခြေတံရှည်အိမ်ဖြစ်သည်။ လှေကားထစ်များဖြင့် တက်ရကာ၊ အိမ်ကြမ်းပြင်မှာ လူကြီးတစ်ရပ်ခန့် မြင့်နေ၏။ မှာခ်က အောက်မှရပ်ကာ အသံပြုသည်။



www.burmeseclassic.com

www.burmeseclassic.com



"နော်ခ် . . . နော်ခ်ရေ . . . နော်ခ် . . . ငါပြန်လာပြီ"

သို့သော် အထဲမှ ထူးသံမကြားရ။ လှုပ်ရှားမှုလည်း မရှိ။ ပတာတိတိတ်ဆိတ်ငြိမ်သက်၍သာ နေသည်။

မာ့ခ်က တစ်လှမ်းခြင်းလှမ်းကာ အိမ်ပေါ် သို့ တက်သွား၏။

"နော်ခ်ရေ . . . နော်ခ် . . ."

ဟုလည်း နှုတ်မှ တဖွဖွခေါ်၏။ ဘေးမှကြည့်နေသော တော့က . . .

"နော်ခ်ဆိုတာ နားထိုင်းမ,လား မသိဘူး"

ဟု မှတ်ချက်ချလိုက်သေးသည်။ ကျန်သူတွေကတော့ မာ့ခ်၏ဇနီးသည် မည်သို့ပုံရှိသည်ကို သိချင်သဖြင့် မျှော်လင့်တကြီးစောင့်စား၍ ကြည့်နေကြသည်။ မာ့ခ်က သူတို့ကို ပြောထားတာကတော့ သူ့ဇနီးသည် ထိုရွာတွင် အချောအလှဆုံးဟု ဆိုသည်။

မာ့ခ်က တစ်လှမ်းချင်း အိမ်မကြီးဆီသို့ ချဉ်းကပ်သွားတော့မှ အိမ်ထဲမှာ တွန်းထားသော ခပ်မှိန်မှိန်မီးရောင်ကို မြင်ရသည်။ သူ ဝမ်းသာသွား၏။ နော်ခ်ရှိနေတာပဲ။ သူ အိမ်ထဲဝင်လိုက်သည်။ ဖြစ်သလိုလုပ်ထားသော အဝတ်ကြမ်းပုခက်ကလေးကို တွေ့ရ၏။ သူ့သားကလေးပဲ။ သူက ဝမ်းသာအားရ ငုံ့ကြည့်လိုက်သည်။ ပုခက်ထဲ တစ်စုံတစ်ယောက်ရှိသလို လေးတွဲ့နေကာ လှုပ်ရမ်းနေသည်ထင်ရသော်လည်း အထဲတွင် ဟာလာဟင်းလင်း၊ ဘာမှရှိမနေ။ သူ့ရင်ထဲတွင် လစ်ဟာ၍သွားသည်။





"နော်ခ် . . ."

အသံထွက်ရင်း ခပ်မှိန်မှိန်လင်းလဲ့နေသော အိမ်ထဲကို လှည့်ပတ်ကြည့်လိုက်သည်။ ဘာမှမတွေ့။ ထိုစဉ် သူ့ကို နောက်ဘက်က လှမ်းဖက်လိုက်သောကြောင့် ရုတ်တရက် လန့်၍သွားသည်။ ဖြူဖွေးလှပသော ခပ်သွယ်သွယ်လက်ကလေးနှစ်ဖက်က နောက်မှနေ၍ သူ့ခါးကို သိုင်းဖက်ထားသည်။ သူ့ကြောတွင် မိန်းမတစ်ယောက်၏ နူးညံ့နွေးထွေးသော အတွေ့အထိကို ခံစားလိုက်ရသည်။

"နော်ခ် . . ."

သူလှည့်ကြည့်လိုက်တော့ သူ့ဘဝတွင် ဘယ်တော့မှ မေ့ပျောက်နိုင်မှာမဟုတ်သော မျက်နှာလှလှလေး။ ထိုမျက်ဝန်းရွှန်းလဲ့လဲ့တွင် မျက်ရည်စတို့ တွဲခိုနေသည်။

"မာ့ခ် . . . ပြန်လာတယ်နော်၊ မတွေ့ရတော့ဘူးလို့ ထင်နေတာ"

သူတို့ တွယ်တွယ်တာတာ ပွေ့ဖက်လိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



“ငါပြောသွားတာပဲ ပြန်လာမယ်လို့ ငါ မင်းကို နေ့တိုင်း လွမ်းနေတာ”

“ကျွန်မကလည်း ရှင့်ကို နေ့တိုင်းမျှော်နေတာပါပဲ”

“တို့သားလေးရော”

“ဟောဟိုမှာ ဆော့နေတယ်”

သူကြည့်လိုက်တော့ ခြင်ထောင်ပါးပါးမှ ဖေါက်ထွင်းမြင်ရ တာက လေးဘက်သွားနေသော ကလေးငယ်တစ်ယောက်။ သူ့ကလေး ကို ပွေ့ချီကာ သေသေချာချာ ကြည့်လိုက်သည်။

“မအေတူသားကလေးပဲဟော့၊ ဒါကြောင့် ချောတာ”

သူတို့နှစ်ယောက် အိမ်ထဲမှာ တွေ့ဆုံအလွမ်းသယ်နေတာ ကို ရဲလေးဖေါ်က စိတ်မရှည်စွာ စောင့်ဆိုင်းနေကြရ၏။

မကြာခင် မာ့ခ်သည် နာ့ခ်ပုခုံးကိုဖက်ကာ အိမ်ပြင်ထွက် လာသည်။ ပြီးတော့ အောက်တွင်ရပ်ကာ သူတို့ကို ငေးကြည့်နေ သည့် ရဲလေးဖေါ်အား . . .

“သူငယ်ချင်းတို့ . . . သူက ငါ့ဇနီးနာ့ခ်တဲ့”

နာ့ခ်က လက်အုပ်ချီကာ ခေါင်းညွှတ်နှုတ်ဆက်လိုက်၏။ ရဲလေးဖေါ်က ချောမောလှပသည့် နာ့ခ်ကိုကြည့်ကာ မှင်တက်မိနေ





သည်။ ဤမျှချောင်ကျသော၊ နွမ်းပါးသိမ်ငယ်သည့် တောရွာကလေး တွင် ဒီလိုချောမောလှပသည့် မိန်းကလေးတစ်ဦးရှိနေတာကို မယုံ ကြည်နိုင်အောင် ဖြစ်နေ၏။ ပြီးတော့ နာခ့်အား . . .

“ဒါက ငါနဲ့စစ်မြေပြင်မှာ အတူတူတိုက်ပွဲဝင်ခဲ့တဲ့ သူငယ် ချင်းတွေပဲ၊ တာ့၊ ရှင်း၊ ပေါ်နဲ့ ဇော့တဲ့၊ ညမိုးချုပ်ပြီဆိုတော့ မင်းတို့ ရွာတွေလိုက်ပို့ဖို့ လှေငှားရတာ ခက်သွားပြီ၊ မင်းတို့ တစ်ညတော့ ဒီမှာပဲ အိပ်ကြ”

မာ့ခ်က ရှေ့ဘက်ကမ်းတွင်ရှိသော အိမ်တစ်အိမ်ကို လက် ညှိုးထိုးပြကာ . . .

“ဟိုရှေ့ကဟာက ငါ့အဒေါ်အိမ်ပဲ၊ သူက ကွယ်လွန်သွားပြီ ဆိုတော့ နေမယ့်လူ မရှိဘူး၊ မင်းတို့ လွတ်လွတ်လပ်လပ်နေနိုင်တယ်”

ဟု ပြောသည်။ နောက်တတ်သော ရှင်းက . . .

“သူ့အဒေါ်က ကွယ်လွန်သွားပြီဆိုတော့ တို့ကိုများ ခြောက် လှန့်နေမလား မသိဘူး”

ဟု ငြီး၏။ ဇော့က . . .

“ကြောက်မနေပါနဲ့ကွာ၊ ပြီးတော့ ဒီတစ်ညပဲ နေရမယ့်ဟာ”

မာ့ခ်က . . .



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ နေချင်သပဆိုရင် ဟဲဒီမှာ စစ်ပြီးတဲ့အထိလည်း နေနိုင်တယ်"

ဟု ဆိုသည်။ ပါ့ခ်က . . .

"တို့ ဒီမှာပဲ ခဏနေရအောင်"

သူတို့ရွာပြန်သွားပါက စစ်ထဲကိုဝင်ဖို့ ပြန်ဆင့်ခေါ်ခံရမှာကို ကြောက်ရွံ့နေကြသည်။ ပြီးတော့ ပါ့ခ်က ချောမောလှပသော နာ့ခ် ကိုလည်း သဘောကျနေ၏။ မာ့ခ်ကိုနှုတ်ဆက်ကာ သူတို့လှေကလေး နှင့် မျက်နှာချင်းဆိုင် တည်းခိုရမည့်အိမ်ကို ကူးခဲ့ကြသည်။

မာ့ခ်နှင့် နာ့ခ်ကတော့ အိမ်ထဲတွင် အလွမ်းသယ်ကာ ကျန် ခဲ့၏။

"ငါက စစ်သားကောင်းမဟုတ်ဘူး နာ့ခ်၊ စစ်မြေပြင်မှာလည်း ငါက နေ့ရှိသမျှ မင်းတို့လွမ်းဆွတ်နေခဲ့တယ်"

"ကျွန်မကလည်း ရှင့်ကို နေ့စဉ်နဲ့အမျှ မျှော်နေခဲ့တာပါ"

"ငါတောင်းပန်ပါတယ်၊ နောက်ဆို မင်းတစ်ယောက်တည်း ဘယ်တော့မှ ခွဲမထားခဲ့ဘူး၊ ငါကတိပေးပါတယ်"

မာ့ခ်မျက်လုံးတွေက အိမ်ရှေ့အမှောင်ထုထဲရောက်သွား သည်။ မှောင်ထဲတွင် ဝင်းလဲ့နေသော ပိုးစုန်းကြူးတစ်သိုက်ကို တွေ့ရ





သဖြင့် လက်ညှိုးထိုးပြကာ . . .

"နာ့ခ်ရေ . . . ကြည့်စမ်း၊ ပိုးစုန်းကြူးတွေ လှလိုက်တာ"

နာ့ခ်က လှည့်ကြည့်ပြီး ပြောလိုက်သည်။

"အဲဒါ ဘယ်က ပိုးစုန်းကြူးတွေ ဟုတ်ရမှာလဲ၊ ဝိညာဉ်တွေ"

"နာ့ခ် . . ."

မာ့ခ်က ကြောက်လန့်တကြားအော်ဟစ်ကာ နာ့ခ်၏ကျော ဘက်ဝင်ကာ ပုန်းလိုက်၏။ နာ့ခ်က ယောကျ်ားတန်မယ့် အကြောက် ကြီးသော မာ့ခ်ကိုကြည့်ကာ ရယ်လိုက်တော့မှ မာ့ခ်က နောက်နေ ခြင်းဖြစ်ကြောင်း ရိပ်မိကာ . . .

"နာ့ခ် . . . ဒီလိုမနောက်နဲ့လေ၊ ငါ သရဲကြောက်တတ်မှန်း သိရဲ့သားနဲ့"

ဒီစကားကြားတော့ နာ့ခ်ရဲ့မျက်နှာက မှိုင်တွေသွားသည်။ မာ့ခ်က သရဲကြောက်တတ်တာ သူကောင်းကောင်းသိသည်။ တကယ် လို့ သူက လူစင်စစ်မဟုတ်ဘဲ သရဲမတစ်ကောင်ဟု သိရလျှင် မာ့ခ် ဘယ်သို့သဘောထားလေမလဲ။ တစ္ဆေသရဲကို အကြောက်ကြီးလှ သော မာ့ခ်သည် သူ့ကိုစွန့်ခွာကာ ထွက်ပြေးသွားမှာ သေချာလှသည်။ မာ့ခ်ကို အဆုံးရှုံးမခံနိုင်သော နာ့ခ်အနေဖြင့် သူ့ကို သရဲတစ်ကောင်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ကြောင်း မှာ့ခ်က မရိပ်စားမိလေအောင် ပိပိရိရိနေမှ ဖြစ်ပေတော့မည်။

မှာ့ခ်က အထုတ်ကလေးတစ်ထုတ်ကိုဖြည်ကာ အထဲမှအရာကို ဆွဲထုတ်လိုက်၏။ နာ့ခ်ကြည့်လိုက်တော့ ဘုရားပုံတော်ဆွဲသီးအဆောင်လေးဖြစ်နေတာ တွေ့ရသည်။ နာ့ခ်က . . .

"မှာ့ခ် . . . အဲဒါဘာလဲ"

"ငါ့ကို ဆေးကုတဲ့ ဆရာဝန်က ပေးထားတာ၊ ဒါလေးဆောင်ထားရင် အန္တရာယ်ကင်းတယ်တဲ့"

မှာ့ခ်က ဒီလိုဘုရားပုံဆောင်ထားတာ နာ့ခ်က မကျေနပ်။ ဤအတိုင်းဆို သူ့အနားကပ်ရခက်လိမ့်မယ်။ ထို့ကြောင့် . . .

"မှာ့ခ်ရဲ့ပုံက သွေးတွေစွန်းနေတယ်၊ နမိတ်မကောင်းဘူး။ လွှင့်ပစ်လိုက်ပါ မှာ့ခ်ရယ်"

ဟု တောင်းဆိုလိုက်လေသည်။ ခဏနေတော့ မှာ့ခ်က သူ့ရင်ခွင်ထဲမှာ လှဲနေရင်း အိပ်ပျော်သွားသည်။ ဒီတော့ နာ့ခ်က အိပ်ယာထဲမှထလာကာ . . .

ကလေးပုခက်နားသွား၍ ပုခက်ကို လှုပ်ရမ်းရင်း သူဆိုနေကျ သားချော့တေးကိုဆိုကာ ပုခက်ကို လွှဲနေလိုက်သည်။ တိတ်ဆိတ်သော ညဥ့်ယံကို ဖေါက်ထွင်းကာ နာ့ခ်၏သားချော့တေးအသံက ရွာဘက်ဆီ ပြန့်လွင့်၍သွားသည်။





နာ့ခ်၏ သီချင်းဆိုသံကြားရသော ရွာထဲက လူတွေမှာ အထိတ်တလန့်ဖြစ်ကုန်သည်။ ကလေးတွေက သူတို့မိဘတွေရင်ခွင်ထဲတိုးဝင်ကာ ပုကွေးနေကြရှာသည်။ သူတို့မျက်လုံးအိမ်တွင် မျက်ရည်စတွေ ဝေ့ဝဲ၍။ သူတို့မိဘများ၏မျက်နှာတွင် ထိတ်လန့်ရွံ့ကြောက်မှုတွေ ဖုံးလွှမ်း၍။ သူတို့အားလုံး ကြောက်ရွံ့မှုဖြင့် ခန္ဓာကိုယ်တွေ တဆတ်ဆတ်တုန်နေကြလေသည်။

* * * *



www.burmeseclassic.com

www.burmeseclassic.com

* သူမြင်နေရတာက အလင်းရောင်၏ဆန့်ကျင်ဘက်ဆိုတော့ မဲမဲအရိပ်သဏ္ဍာန်မျှသာ ဖြစ်သည်။ ထိုမည်းမည်းအရိပ်က ဖြည်းညှင်းစွာ ထိုင်ရာမှထလိုက်ပြီး သူ့ဆီလျှောက်လာနေသည်။ ရှင်းက နောက်ကို ခြေလှမ်းမဆုတ်မိအောင် ကြောက်ရွံ့စိတ်ကို ထိန်းချုပ်ထားရ၏။

## (၂) ရဲလေးဖေါ်နှင့် သရဲမ

www.burmeseclassic.com

www.burmeseclassic.com

## (၂) ရဲလေးပေါ်နှင့် သရဲမ

ဒေါက် ဒီး ဒီး ဒွတ် . . .

လင်းကြက်တွန်သံ ထွက်ပေါ်လာသည်။ ပြတင်းပေါက်တွင် တကလေးတစ်သိုက်နားကာ တကျွိကျွိမြည်နေသည်။ ကြမ်းပြင်ပေါ်တွင် ပိုးလိုးပက်လက် ဖရိုဖရဲအိပ်ပျော်နေရာမှ စတင်နိုးလာသူက ရှင်းဖြစ်သည်။ သူတို့ညက အေးအေးလူလူပင် အိပ်ပျော်သွားကြသည်။ မအိပ်ခင် တစ်ရွာလုံးက ကြောက်ရွံ့ရသည့် နဝှခ်၏သားချော့တေးအသံ ထွက်ပေါ်လာသော်လည်း သူတို့က ကြောက်ရွံ့ရမှန်း မသိကြ။

ကြယ်ပွင့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ရှင်းက အိပ်ရာမှထကာ ဆန်လက်တစ်ဆုတ်စာယူ၍ စာ ကလေးတွေကို ကျွေးသည်။ စာကလေးတွေက ယဉ်ပါးစွာဖြင့် သူ့ လက်ဖဝါးပေါ် အထိတက်ပြီး ဆန်တွေကို ယူငင်စားနေသဖြင့် ရှင်း သဘောအကျကြီး ကျနေ၏။

"ဟော့ကောင်တွေ ထကြ၊ ကြည့်စမ်း . . . စာကလေးတွေ ဘယ်လောက်ယဉ်သလဲ"

ဟု အိပ်နေသူတွေကို ခေါ်နှိုး၏။ ပထမဆုံး နိုးလာသူက သူနှင့်ကပ်လျက်အိပ်နေသော ပုံ့ခဲဖြစ်သည်။ ပုံ့ခဲက ရှင်းကို ခြေ ထောက်နှင့် ဆောင့်ကန်လိုက်သည်။

"စောစောစီးစီး သူများတွေ အိပ်ကောင်းနေတုန်း ဘာတွေ ဆူညံဆူညံ လုပ်နေတာလဲ၊ စာကလေးတွေကလည်း တကျွိကျွိနဲ့ နား ငြီးလိုက်တာ၊ တော်ရာ သွားစားကြစမ်း"

စာကလေးတွေက လန့်ပြီး ပျံထွက်ပြေးသွားကြသည်။ အိမ် ထဲကို မှာ့ခ်က ဝင်လာ၏။

"သူငယ်ချင်းတို့ အစောကြီးနိုးနေကြပါလား၊ ထကြ . . . ထကြ"

ဒီနေ့ ၅ ရက်တစ်ဈေးနေ့ဖြစ်သဖြင့် ရွာထဲရှိဈေးသို့သွားရ





ခဲလေးဖော်ကို လာနှိုးခြင်း ဖြစ်သည်။ သူတို့အိပ်ရာက ထကြသည်။ သူတို့ရှေ့ချောင်းထဲတွင် လှေကြီးတစ်စီး ဖြတ်သွားသည်။ အလောင်း ပေါင်းများစွာကို လှေပေါ်တွင် စီထပ်ထားကာ အပေါ်က ဖျာနှင့် အုပ်ထားသော်လည်း လူသေများ၏ ခေါင်းတွေခြေထောက်တွေက ပေါ်နေသည်။ ပုံ့ခဲက . . .

"ဘာတွေလဲဗျ"

ဟုလှမ်းမေးတော့ လှေလှော်လာသူက . . .

"စစ်ပွဲမှာ ကျဆုံးသွားတဲ့ လူတွေလေ၊ မိသားစုဆီကို အလောင်း တွေ လာပို့တာ"

ဟုဖြေ၏။ ရှင်း ကျေချမ်းသွားသည်။ သူတို့သာ သေကံ မရောက်၊ သက်မပျောက် စစ်မြေပြင်မှ ထွက်ခွာလာနိုင်ခဲ့ခြင်း ဖြစ် သည်။ ဒါကလည်း စစ်ပွဲတွင် ဒဏ်ရာရခဲ့သူတွေဖြစ်သဖြင့် ပြန်ကာ အနားယူခွင့်ရခဲ့ခြင်း ဖြစ်သည်။ သူတို့သည် မှာ့ခ်ယူလာသော လှေ ကလေးဖြင့် ထွက်ခဲ့ကြသည်။ သူတို့ဒေသတွင် ရေကြောင်းခရီးကိုသာ အဓိက အသုံးပြုသွားလာနေကြတာ တွေ့ရသည်။

လှေပေါ်က ရှင်းသည် မှာ့ခ်တို့အိမ်ဘက် လှမ်းကြည့်လိုက် သည်။ ကလေးကိုပိုက်လျက် သူတို့ရှိရာ ငေးကြည့်နေသော မှာ့ခ်



www.burmeseclassic.com

www.burmeseclassic.com



မိန်းမနော်ခ်ကို တွေ့လိုက်ရသဖြင့် ရှင်းက ဖေါ်ရွှေသူပီပီ လက်ပြနှုတ်ဆက်လိုက်သည်။ သို့သော် နော်ခ်က သူ့ကို လုံးဝပြန်လည်နှုတ်ဆက်ခြင်းမပြုဘဲ ခပ်တည်တည်သာ စိုက်ကြည့်နေတာ တွေ့လိုက်ရသဖြင့် ရှင်းမှာ ခပ်အမ်းအမ်းဖြစ်၍သွားကာ မျက်နှာလွှဲလိုက်၏။ မနေ့ညကတည်းက မှာ်ခ်မိတ်ဆက်ပေးစဉ်ကပင် နော်ခ်ကြည့်ရတာ သူတို့သူငယ်ချင်းလေးယောက်ကို နှစ်လိုဟန်မပြ။ စိမ်းစိမ်းကြီး စိုက်ကြည့်နေတာခံရသည်။ အခုမှ သတိပြုမိသည်။ ဒီလိုကြည့်နေစဉ် သူ့မျက်တောင်ခတ်တာလည်း မတွေ့ရ။ လူကြီးတွေပြောတာ သတိရလာ၏။ ဘီလူးတို့ သရဲတို့ လူယောက်ဖန်ဆင်းထားလျှင် ထိုလူသည် မျက်တောင်ခတ်လေ့မရှိဟု ဆိုသောစကားဖြစ်သည်။ ရှင်းက သတိတရပင် ထိုအိမ်ပြတင်းပေါက်ဆီ လှမ်းကြည့်လိုက်၏။ ဒီတစ်ခါတော့ ပြတင်းဝမှ နော်ခ်သည် ပျောက်ခြင်းမလှပျောက်၍နေသည်။ သူ . . . ကြက်သီးထ,သွား၏။ ဒါကြောင့် ခေါင်းငုံ့ကာ လှေကိုသာ ခပ်သွက်သွက်လှော်နေလိုက်မိလေသည်။

* * * *

ဖါခနောင်းမှာ ဆင်းရဲသားပေါမျာ့သော ရွာငယ်ကလေး





ဖြစ်သဖြင့် ပုံမှန်နေ့တိုင်း ဈေးအရောင်းအဝယ်မရှိ။ ငါးရက်ကြာမှသာ ဈေးတစ်ဈေးရှိသည်။ ငါးရက်တစ်ဈေးဟု ခေါ်ကြသည်။ ထိုရက်တွင်မှ ရောင်းစရာရှိသူကလည်း ရောင်း၊ ဝယ်စရာရှိသူကလည်း ဝယ်ပေါ့။ ဒီတော့ ဈေးနေ့မှာတော့ ရောင်းသူဝယ်သူဖြင့် အတော်အတန် စည်ကားသည်ဟု ဆိုနိုင်လေသည်။

"ဟောဒီမှာ မုန့်ဖက်ထုပ်တွေ . . . မုန့်ဖက်ထုတ်တွေ"

မုန့်ဖက်ထုပ်ရောင်းနေသော မိန်းမကြီးတစ်ယောက်ရှေ့တွင် မှာ်ခ်က ရပ်ပြီး . . .

"အဒေါ်ရေ . . . မုန့်ဖက်ထုပ်နှစ်ခုလောက် ပေးစမ်းပါ၊ နော်ခ်အတွက်"

အဒေါ်ကြီးက သူ့ကို ကြောင်ကြည့်နေမိသည်။ မှာ်ခ်က-

"အဒေါ် . . . ကျွန်တော့်ကို မမှတ်မိဘူးလား၊ ကျွန်တော်က မှာ်ခ်ပါ၊ ချောင်းရိုးမှာ နေတာလေ၊ အခု စစ်ပွဲက ပြန်လာတာ"

"မရောင်းဘူး မရောင်းဘူး၊ မုန့်ဖက်ထုပ် ရောင်းဖို့မရှိဘူး၊ အကုန်ကုန်ပြီ၊ အကုန်ကုန်ပြီ"

ထိုမိန်းမကြီးက ကြောက်လန့်တကြားပြောကာ မုန့်ဖက်ထုပ်တွေကို ကောက်ယူရင်း သူ့ပါးစပ်ထဲ ထိုးထည့်ပြီး ထိုနေရာမှ ဝန်း



www.burmeseclassic.com

www.burmeseclassic.com



ပင်မယူနိုင်ဘဲ ထွက်ပြေးသွားလေသည်။

"ဒီမိန်းမကြီး ဘယ်လိုဖြစ်သွားတာလဲ"

သူတို့ဘယ်သူမှ နားမလည်ကြ။ ရှေ့ဆက်လျှောက်လာတော့ လူကြီးတစ်ယောက် ငါးရံ့အရှင်တွေ ရေပုန်းထဲထည့်ရောင်းနေတာ တွေ့ရသည်။ ဒီလူကြီးက သူတို့ရွာက တံငါသည်ကြီးဖြစ်သည်။ မှာ်ခ်က . . .

"ဦးကြီးရေ . . . ကျွန်တော့်မိန်းမနော်ခ်စားဖို့ ငါးနှစ်ကောင်လောက် ရောင်းစမ်းပါ"

ထိုလူကြီးက သူ့ကို သေသေချာချာကြည့်ကာ . . .

"နော်ခ် . . . နော်ခ် . . . နော်ခ်စားဖို့ ဟုတ်လား၊ မရောင်းဘူး . . . မရောင်းဘူး၊ ဒီနေ့က ဥပုသ်နေ့၊ ဒီငါးတွေက ရောင်းဖို့မဟုတ်ဘူး၊ လွှတ်ဖို့ထားတာဟေ့ . . . လွှတ်ဖို့"

ဟုပြောကာ သူ့ရှေ့က ငါးတွေထည့်ထားသော ရေပုန်းကို မြေကြီးပေါ် သွန်ပစ်ပြီး ထွက်ပြေးသွားလေတော့သည်။ သူတို့ အံ့ဩနေကြပြန်သည်။ လူတွေဘာဖြစ်နေကြတာလဲ။ တွေးမရ။

ဒီလူတွေကကြတော့ မှာ်ခ်သည် စစ်မြေပြင်မှ ရွာပြန်ရောက်လာကာ ရွာထိပ်ချောင်းရိုးက အိမ်မှာနေနေတာ သိနေကြလေပြီ





နော်ခ်သေဆုံးတာကို တစ်ရွာလုံးက သိနေကြ၏။ နော်ခ်၏ လပြည့်လကွယ်အော်သံကို တစ်ရွာလုံးကကြားကာ ကြောက်လန့်နေကြ၏။ အခု မှာ်ခ်က ဒီတမလွန်ရောက်နေသော နော်ခ်နှင့်အတူတူ နေ့နေသည်ဆိုတော့ သူတို့ကြောက်ရွံ့ကြတာ မဆန်း။ ပြီးတော့ မှာ်ခ်ကိုလည်း ဒီအကြောင်း ဘယ်သူမှဖွင့်မပြောရဲကြ။ ဖွင့်ပြောပါပြီတဲ့။ သရဲမက ဖွင့်ပြောသူကို မကျေမနပ်ဖြစ်ပြီး ဒုက္ခပေးမည်ဆိုသော်-

သူတို့ ရှေ့ဆက်လျှောက်လာကြသည်။

"အရက်ဆိုင်" ဟုရေးထားသော ဆိုင်တစ်ဆိုင်ကို တွေ့၏။ ဒီဆိုင်ရှင်အဒေါ်ကြီး ဒေါ်ပရတ်ကို သူကောင်းကောင်းသိသည်။ ဒီအဒေါ်ကြီးထံမှာ အလုပ်တောင်းရလျှင် ကောင်းမည်။ သူက အရက်အိုးတွေစီထားသော ကောင်တာနားကပ်သွားတော့ သူထင်သည့်အတိုင်းပင် အရက်မှုးနေသော ဒေါ်ပရတ်က ခေါင်းမော်ကြည့်၏။

"အဒေါ် . . . ဒီဆိုင်မှာ ကျွန်တော့်အတွက် အလုပ်ကလေးဘာကလေးများ ရနိုင်မလားခင်ဗျာ"

အဒေါ်ကြီးက သူ့ကိုမော်ကြည့်နေသော်လည်း ရီဝေနေသည့် မျက်လုံးတွေက ကောင်းစွာမှတ်မိဟန်မတူ။

"မလိုဘူး . . . ငါ့ဆိုင်မှာ အရက်ရောင်းဖို့ ယောက်ျားလေး



www.burmeseclassic.com

www.burmeseclassic.com



တွေ မခန့်ဘူး၊ မိန်းကလေးတွေပဲ ခန့်တယ်"

သူက ဆိုင်ထဲလှည့်ကြည့်လိုက်၏။ ဟုတ်သည်။ အရက်စားပွဲတိုင်းတွင် စားပွဲထိုးနေသော သူများမှာ အရွယ်ငယ်ငယ်မိန်းကလေးများသာ ဖြစ်နေလေသည်။ ထိုအခါ ကြီးက သူ့ကို သေသေချာချာကြည့်ကာ . . .

"နေပါဦး . . . နင့်ကို ငါမြင်ဖူးသလိုပဲ၊ ဒါပေမယ့် မမှတ်မိဘူး"

"အခေါ်ကလည်း ကျွန်တော်မှာခ်လေ၊ စစ်ပွဲက ပြန်လာတာ"

"မှာခ် . . . ဟုတ်လား"

"ဟုတ်တယ်"

ဒေါ်ပရတ်၏အရက်မူးနေသော မျက်နှာက အမူးပြေပျောက်သွားသည်။

"နှာခ် . . . နင့်မိန်းမနှာခ်နဲ့ နေတယ်ဆိုတာ နင်လား၊ နင့်မိန်းမနှာခ်နဲ့ နင့်ကလေး သေတာကို မသိသေးဘူးလား၊ သူတို့ . . . သူတို့ . . ."

ဒေါ်ပရတ်စကားမဆုံးမီ သူ့သားက နောက်ကရောက်လာကာ သူ့အမေပါးစပ်ကို ပိတ်လိုက်သည်။





"အစ်ကိုမှာခ် . . . အမေ အရက်မူးနေလို့ ထင်ရာမြင်ရာတွေ လျှောက်ပြောနေတာပါ၊ စွဲမယူပါနဲ့"

သူက သူ့အမေကို ပါးစပ်ပိတ်ကာ ထိုနေရာမှ အတင်းဆွဲခေါ်သွားသည်။ ဒေါ်ပရတ်က ဗူးဗူးဝါးဝါးအော်ဟစ်ရင်း ပါသွား၏။ ဆိုင်ရှေ့မှာ တော်တော်ကြာအောင် မှာခ်ရပ်ရင်း တွေဝေနေလေသည်။ ဒေါ်ပရတ်ပြောတာ အမှန်ပဲလား။ သူ့မိန်းမနဲ့ သူ့ကလေးဟာ သေနေပြီတဲ့။ သူလည်း တွေ့နေရသားပဲ။ သူတွေ့နေရတာတွေက ဘာတွေလဲ။ ပရလောကသား ဝိညာဉ်တစ္ဆေသရဲပေလား။

ဒေါ်ပရတ်စကားကိုကြားကာ အကြီးအကျယ်လန့်ဖြန့်သွားသူက ရှင်းဖြစ်သည်။ ရှင်းက ဒေါ်ပရတ်ပြောလိုက်သော စကားကို နားထဲက မထွက်။

"နင့်မိန်းမနှာခ်နဲ့ နင့်ကလေးက သေနေပြီ" တဲ့။

* * * *

ဟုတ်တယ်ကွ၊ နှာခ်ဟာ တကယ်ပဲ သရဲပဲ"

သူတို့တည်းခိုရာ အိမ်ရှေ့ကပျဉ်တွင်ထိုင်ကာ အရက်သောက်

www.burmeseclassic.com



နေရင်း ရှင်းက ကျန်သုံးယောက်ကို ပြောလိုက်သည်။ ပါ့ခ်က . . .

"ဘာကွ . . . နော့ခ်ဟာ သရဲ . . . ဟုတ်လား"

မေးလိုက်သည်။ ရှင်းက ရှုံ့ရှုံ့မဲ့မဲ့မျက်နှာနှင့် . . .

"ဟုတ်တယ် . . . နော့ခ်က သရဲမကွ"

"သေကွာ . . ."

သူနဲ့အနီးဆုံး တော့က သူ့နားရင်းကို အုပ်လိုက်၏။

"နော့ခ်က ဒီလောက်ချောတာ သရဲဖြစ်မလားကွ၊ သရဲမဆိုတာ ချောတယ်လို့ မင်းကြားဖူးလို့လား"

ကျန်လူတွေကလည်း ဝိုင်းဟားကြသည်။ အော့က . . .

"ဟိုမိန်းမကြီး အရက်မူးပြောတဲ့စကားကို မင်းက အဟုတ်မှတ်နေတယ်၊ အလကားငကြောက် . . ."

ပါ့ခ်က . . .

"သရဲသာဆို တို့ကို ဂုတ်ချိုးပြီး သတ်စားပြီးရောပေါ့"

"တို့ချည်းပဲ အရက်သောက်ရတာ ပျင်းတယ်၊ ရှင်းရေ . . . မော့ခ်ကို သွားခေါ်ကွာ"

ဟု ခိုင်းလိုက်သည်။

"ဘာလဲ . . . ငါတစ်ယောက်တည်း သွားခေါ်ရမလား"





"မော့ခ်ကို သွားခေါ်တာ ဘယ်သူက အဖော်လိုက်ရဦးမှာလဲ"

ဒီထဲတွင် ရှင်းက အငယ်ဆုံး။ ကျန်လူတွေက သူ့ကို အမြဲနိုင်သည်။ အခုလည်း ငြင်းမရ။ သူလှေကလေးနှင့် ထွက်လာခဲ့ရ၏။ မော့ခ်တို့အိမ်က သူတို့တည်းသောအိမ်နှင့် မျက်နှာချင်းဆိုင် ကမ်းတစ်ဖက်မှာ။ တကယ်တော့ ရှင်းက အင်မတန် တစ္ဆေသရဲကြောက်တတ်သည်။ သူ့အထက်က အစ်ကိုတော်တွေရဲ့ ခိုင်းစေချက်ကို မလွန်ဆန်နိုင်ပဲ မော့ခ်ကို သွားခေါ် ဆိုလို့သာ လာခဲ့ရသော်လည်း ကြောက်နေ့စိတ်ကို သူထိန်းချုပ်၍မရ။ သူက လှေကိုကပ်ကာ ကမ်းပေါ်တက်ခဲ့သည်။ အိမ်နားကို နွံ့တွန့်တွန့်ခြေလှမ်းများဖြင့် ချဉ်းကပ်လာရင်း-

"မော့ခ်ရေ . . . မော့ခ်"

အသံပြု၏။ တုန့်ပြန်မှုမရ။ အိမ်က ငြိမ်သက်တိတ်ဆိတ်နေ၏။ အလင်းရောင်ဟူ၍ ကြယ်ရောင်မှိန်ပျပျသာ ရှိနေသည်။ မော့ခ်မပါဘဲ ပြန်၍မဖြစ်။ သူ့ကို ဝိုင်းအပြစ်တင်ကြမည်။ ဒီတော့ အိမ်အောက်က ခေါ်မရလျှင် အိမ်ပေါ်တက်ခေါ်ရပေတော့မည်။ မော့ခ်အိမ်ပေါ်သို့တက်ရန် လှေကားထစ်က ၆ ထစ်ရှိနေ၏။ မဝံ့မရဲခြေလှမ်းများဖြင့် လှေကားကို တထစ်ချင်း နင်းတက်ခဲ့သည်။

တစ် . . . ထစ်



www.burmeseclassic.com

www.burmeseclassic.com



နှစ် . . . ထစ်

သုံး . . . ထစ်

လှေကားသုံးထစ်အနင်းတွင် ထိုလှေကားထစ်က ကျိုးပဲ့သွာ သဖြင့် သူထိတ်လန့်သွားသည်။ လေးထစ် . . . ငါးထစ် . . .။

သတိနှင့် တက်ခဲ့တော့ အိမ်ရှေ့ကွပ်ပျစ်ပေါ် ရောက်သွာ လေသည်။ ဒီတော့ သူအံ့ဩသွား၏။ ထိုအိမ်ရှေ့ကပျဉ်မှာ နှစ်ပေါင် များစွာ မရှင်းလင်းဘဲထားသလို လူနေထိုင်မနေသလို အမှိုက်သရိုက် များ၊ ဖုံများ၊ ပင့်ကူမျှင်များဖြင့် ရှုတ်ထွေးပေပွ၍ နေလေသည် တကယ်ကို လူသူမနေထိုင်သဖြင့် ပျက်စီးယိုယွင်းနေသော အိမ်ပျက် တစ်လုံး၏ပုံစံ။

"မာ့ခ် . . . မာ့ခ်ရေ"

သူက အိမ်ပေါက်ဝနား တိုးကပ်သွားတော့ အထဲတွင် ထွန် ညှိထားသော ရေနံဆီမီးခွက်အရောင်လဲ့လဲ့ကို တွေ့ရသည်။ ထိုအော တွင် သူ့ကိုကျောပေးကာ နာ့ခ်က ထိုင်နေသည်။ နာ့ခ်၏ရှည်လျာ သော ဆံပင်တွေက ပုခုံးမှတစ်ဆင့် ကျောပြင်ပေါ် ဖါးလျားကျနေ သည်။ သူမြင်နေရတာက အလင်းရောင်၏ဆန့်ကျင်ဘက်ဆိုတော့ မဲမဲအရိပ်သဏ္ဌာန်မျှသာ ဖြစ်သည်။ ထိုမည်းမည်းအရိပ်က ဖြည်းညှင်





စွာ ထိုင်ရာမှထလိုက်ပြီး သူ့ဆီလျှောက်လာနေသည်။ ရှင်းက နောက် ကို ခြေလှမ်းမဆုတ်မိအောင် ကြောက်ရွံ့စိတ်ကို ထိန်းချုပ်ထားရ၏။

ထိုမည်းမည်းအရိပ်က တံခါးဝရောက်လာမှ ကောင်းကင်မှ ကြယ်ရောင်ဖြင့် နာ့ခ်၏မျက်နှာလှလှလေးကို မြင်ရသည်။ နာ့ခ်က-

"ရှင်းပါလား၊ ဘာလာလုပ်တာလဲ"

"မာ့ခ် . . . မာ့ခ်ရှိလား၊ သူ့ကို လာခေါ်တာပါ"

"မာ့ခ် အိပ်နေပြီ၊ ကျွန်မနှိုးလိုက်မယ်လေ၊ ခဏစောင့်ဦး"

သူ့ကို ကျောပေးကာ နာ့ခ်က ထွက်သွားသည်။ သို့သော် ခဏချင်းမှာပင် ထိုခြေလှမ်းတွေက ရပ်တန့်သွား၏။ ကြည့်လိုက် တော့ နာ့ခ်၏ခြေထောက်နှစ်ဖက်အကြားတွင် အပေါ်မှ တစ်စက် ကစ်စက်ကျနေသော သွေးများ။

ကြည့်ကာ ရှင်းထိတ်လန့်သွားသည်။ သွေးတွေက တစ်စ တစ်တစ ပိုများကာ အိုင်ထွန်းလာသည်။ နောက်ဆုံးမှာတော့ ထိုသွေး ကွက်ထဲသို့ သွေးသံရဲရဲနှင့် ကလေးတစ်ယောက်က ချက်ကြိုးတန်း လန်းနှင့် ပြုတ်ကျလာလေသည်။

"အမယ်လေး"

ဆက်မနေရဲတော့။ ရှင်းသည် အိမ်ပေါ်မှခုန်ချကာ ထွက်



www.burmeseclassic.com

www.burmeseclassic.com



ပြေးလာခဲ့လေသည်။

"ဟော့ကောင် . . . ဘယ်လိုဖြစ်တာလဲ"

သူ့ကို ပါ့ခ်က ဟောက်လိုက်၏။ တကယ်တော့ ပါ့ခ်တို့သုံးယောက် အရက်သောက်နေသော အရက်ဝိုင်းဘေးတွင် အိပ်ပျော်သွားရာက သူသည် ထိတ်လန့်ခြောက်ခြားစရာကောင်းသော အိပ်မက်တစ်ခုကို မြင်မက်နေမိခြင်း ဖြစ်သည်။ တာ့က . . .

"မင်းကို မာ့ခ်ကို သွားခေါ်လို့ ပြောတာလဲ မခေါ်ဘူး၊ အိပ်နေတယ်၊ အခု သွားခေါ်"

"တကယ်ပဲ ငါသွားခေါ်ရမှာလား"

"မင်း ဘာအူကြောင်ကြောင်လုပ်နေတာလဲ၊ နားရင်းရိုက်လိုက်မယ်"

ဖော့ကလည်း . . .

"မြန်မြန်သွားခေါ်ကွာ၊ ဒီမှာ အရက်တောင် ကုန်တော့မယ်"

ဟု လော်၏။ မတတ်သာတော့။ လှေကလေးကို တစ်ကိုယ်တည်းလှော်ကာ မာ့ခ်တို့အိမ်ရှိရာ တစ်ဘက်ကမ်းသို့ ကူးခဲ့ရပြန်သည်။ ဒီတစ်ခါတော့ အိပ်မက်မဟုတ်။ တကယ်ပင် အပြင်မှာ ဖြစ်ပျက်နေခြင်း။ သူက သူ့အသားကို ဆွဲဆိတ်ကြည့်၏။ နာလိုက်တာ။ ဒါတကယ်





ပင်။ အိပ်မက်မဟုတ်။

မာ့ခ်တို့အိမ်ရှိရာ ကမ်းကိုရောက်တော့ လှေပေါ်ကဆင်းကာ အိမ်ဆီလျှောက်သွားမိသည်။ မြင်ကွင်းတွေအားလုံးက သူမကြာခင်က မက်ခဲ့သော အိပ်မက်အတိုင်းဖြစ်၍နေသည်။ တိတ်ဆိတ်နေသော မှိန်ပျပျကြယ်ရောင်အောက်က တဲအိုတဲပျက်တစ်လုံး။

သူ့ရှေ့တွင် အိမ်ပေါ်တက်ရန် လှေကားထစ်ရှိနေသည်။

ပထမတစ်ထစ် . . .

ဒုတိယတစ်ထစ် . . .

တတိယတစ်ထစ် . . . သူခြေချမယ်လုပ်ပြီးမှ အိပ်မက်ထဲက အဖြစ်ကို စဉ်းစားမိ၏။ အဲဒီတတိယအထစ်က သူနင်းလိုက်တော့ ကျိုးသွားသည် မဟုတ်လား။ ဒါကြောင့် သူက ထိုအထစ်ကိုကျော်ကာ စတုတ္ထလှေကားထစ်ကို အားရပါးရ နင်းလိုက်တော့သည်။ သူ ဘယ်လိုမှ ထင်မှတ်မထား။ ထိုအထစ်မှ လှေကားက ထက်ပိုင်းကျိုးကာ သူ့ရှေ့ကျွံကျသွားရာ သူ့တစ်ကိုယ်လုံးနှင့် တိုက်မိပြီး ၅ နဲ့ ၆ လှေကားထစ်များပါ ကျိုးကာ သူမြေကြီးပေါ် မှောက်လျက်ကျသွားသည်။ သူ့တစ်ကိုယ်လုံး မျက်နှာပါမကျန် ဖုံအလူးလူးပေကုန်သည်။ ထိုနေရာမှ ကုန်းထ,ကာ သူအိမ်ကပျဉ်ကို ဖက်တွယ်တက်ရ၏။ လူ



www.burmeseclassic.com

www.burmeseclassic.com



တစ်ရပ်ခန့်မြင့်နေသဖြင့် ခက်ခက်ခဲခဲ ဖက်တက်ရ၏။

အိမ်ရှေ့အခင်းပေါ် ရောက်သွားတော့ တော်တော်မောနေလေပြီ။ အိမ်က သူအိပ်မက်ထဲမှာ မြင်သည့်အတိုင်း လူမနေသည့် အိမ်တစ်အိမ်လို အမှိုက်တွေ၊ ဖုံတွေဖြင့် ရှုတ်ပွပေကျံနေသည်။

"မှာ်ခ် . . . , မှာ်ခ် . . ."

သူ ခေါ်ကြည့်သည်။ တုန့်ပြန်ထူးသံမကြားရ။ မှာ်ခ်အိပ်နေလေပြီလား။ သူက ပြန်ပြေးချင်လှပြီ။ သို့သော် မှာ်ခ်ပါမလာရင် ဒီတစ်ခါတော့ သူ့အပေါင်းအသင်းတွေက သူ့ကို သတ်ကြလိမ့်မည်။ ထို့ကြောင့် . . .

အိမ်ပေါက်ဝနား တိုးသွားလိုက်၏။ အထဲတွင် မီးရောင်လုံ့လုံ့မြင်တော့ အားတက်သွားသည်။ မှာ်ခ် မအိပ်သေးဘူးထင်ပါသည်။

"မှာ်ခ် . . . မှာ်ခ် . . ."

သူက အသံပြုရင်း အိမ်ထဲကို ကဲကြည့်လိုက်၏။ လူရိပ်လူခြည်မတွေ့။ သို့သော် အခန်းထောင့်တွင် အဝတ်ပုခက်ကလေးတော့ တွေ့၏။ သူကြည့်နေဆဲမှာပင် ထိုငြိမ်သက်နေသော ကလေးပုခက်က တစ်စုံတစ်ယောက်က လွှဲနေသလို ဘယ်ညာလှုပ်ရမ်း၍ လာလေရာ . . .





လွှဲသူကို မမြင်ရဘဲ ပုခက်တ လွှဲရမ်းနေတာ မြင်ရခြင်းသည်ပင် ကြောက်တတ်သော ရှင်းအဖို့ သူ့ကြောက်စိတ်ကို အထွဋ်အထိပ်ရောက်အောင် တွန်းပို့လိုက်သလို ဖြစ်သည်။ သူသည် နောက်ကြောင်းပြန်လှည့်ပြေးရန် အိမ်ပေါ်မှခုန်ချလိုက်သည်။ ပြီးတော့ လှေချိတ်ထားရာ ဆိပ်ကမ်းဆီပြေးရန် ခြေဦးလှည့်လိုက်သည်။ ထိုအချိန်မှာပင် သူ့ကျောကုန်းကို နောက်က တစ်စုံတစ်ယောက်ပေါက်လိုက်သော အရာဝတ္ထုတစ်ခုက လာမှန်သည်။ ပြန်လှည့်ကြည့်လိုက်တော့ မြေပြင်ပေါ် ကျနေသော သစ်သီးတစ်လုံးကို တွေ့ရ၏။ ထိုစဉ်မှာပင် လက်တစ်ဖက်က ထိုသစ်သီးကို ကောက်ယူလိုက်တာ မြင်လိုက်ရ၏။ ထိုလက်ပိုင်ရှင်ကို မမြင်ရ။ ထိုလက်သည်ကား မှောင်နေသော အိမ်ထဲမှ ရှည်ထွက်လာကာ ထိုမြေပေါ် ကျနေသော သစ်သီးကို ကောက်ယူလိုက်ခြင်း ဖြစ်သည်။ မှောင်ထဲမှ ထွက်ပေါ်လာသော ရှည်လျားလှသည့် လက်ကြီး။

ရှင်းသည် လိပ်ပြာလွင့်စင်မတတ် လန့်ဖြန့်သွားကာ ထိုနေရာမှ ဖဝါးနှင့်တင်ပါးတစ်သားတည်းကျအောင် ထွက်ပြေးခဲ့လေတော့သည်။

* * * *



www.burmeseclassic.com

www.burmeseclassic.com

* လက်သူကြွယ်တွင် ကျောက်နီပါသော ရွှေလက်စွပ်ကလေး တစ်ကွင်း စွပ်ထားသည်ကို တွေ့လိုက်ရသည်။ ဘေးနားက မြေကို ဆက်ကာ ယက်ဖေါ်လိုက်သောအခါ လူသေအလောင်း တစ်လောင်း ရုပ်ပျက်ဆင်းပျက် ပေါ်လာလေသည်။

## (၃) ကျောက်နီလက်စွပ်နှင့် အရိုးစု

www.burmeseclassic.com

www.burmeseclassic.com

## (၃) ကျောက်နီလက်စွပ်နှင့် အရိုးစု

ပါ့ခ်၊ တာ့နှင့် အော့တို့ အရက်သောက်နေသော ဝိုင်းထဲကို ရှင်းက အတင်းတိုးဝှေ့ဝင်လာသည်။ သူက နောက်က ကျားလိုက်လာသလို နောက်ကိုလှည့်ကြည့်ရင်း မလုံမလဲနှင့် . . .

"နာ့ခ် . . . နာ့ခ်ကလေ . . . နာ့ခ်က . . ."

ဟု ရုတ်တရက် အကြောက်လွန်ကာ ပြောချင်သည့်စကားဘာ နှုတ်မှထွက်မလာဘဲ ရှိ၏။ ကျန်သုံးယောက်က စိတ်မရှည်။

"ဘာဖြစ်လဲ . . . နာ့ခ်လုတယ်ပြောမလို့ မဟုတ်လား၊ တို့သိတယ်"



www.burmeseclassic.com

www.burmeseclassic.com



“မင်းကို မှာခ်သွားခေါ်ခိုင်းတာ မှာခ်ဘာလို့ပါမလာတာလဲ”

“ငါပြောတာ နားထောင်ကြပါဦး၊ နှာခ် . . . နှာခ်ကလေ”

“နှာခ် . . . ဘာဖြစ်လဲ”

“နှာခ်က လူမဟုတ်ဘူး၊ သရဲမဟာ . . . သရဲမ”

ဒီတစ်ခါတော့ သူပြောချင်သည့်စကား နှုတ်ကထွက်၍သွား၏။ ပတ်ဝန်းကျင်တစ်ခုလုံးမှာ တိတ်ဆိတ်၍သွားသည်။ ဘေးတွင် အမှောင်ထုလွှမ်းခြုံထားသည်။ ချောင်းရေစီးသံသဲ့သဲ့ကလွဲ၍ ဘာသံမှ မကြားရ။ တစ်ဘက်ကမ်းက နှာခ်တို့အိမ် လှမ်းကြည့်လိုက်တော့လည်း မှောင်မဲတိတ်ဆိတ်နေသည်။ တာ့က ထုံးစံအတိုင်း ရှင်း၏ ထိပ်ကို ပုတ်လိုက်ကာ . . .

“ဒီကောင် နည်းနည်းလေးသောက်ပြီး မူးနေပြီထင်တယ်”

“ဟုတ်တယ်၊ မနေ့ကတည်းက အရက်ဆိုင်က မိန်းမကြီး ပြောတာကို စိတ်စွဲနေတယ်”

မျက်နှာရှုံ့မဲ့ကာ ရှင်းက သူ့ခေါင်းကို ခါရမ်းလိုက်သည်။ သူက လက်တွေ့မြင်လာတဲ့သူ။ သူ့သူငယ်ချင်းတွေက မယုံ။ သူတို့ ယုံအောင် ဘယ်လိုပြောရမလဲမသိ။

“နှာခ်က သရဲကွ . . . သရဲမ၊ ရွာထဲက လူတွေက ဒါကြောင့် နှာခ်ဆိုတဲ့အသံကြားတာနဲ့ ကြောက်လန့်နေကြတာပေါ့၊ ငါ သူတို့ အိမ်ပေါ်ရောက်သွားတော့ ဘာတွေ့သလဲ . . . သိလား”





အားလုံးက နားစွင့်နေကြသည်။ ရှင်းက . . .

“အိမ်ကြီးက အဟောင်းအစုတ်ကြီး ဖြစ်နေတယ်ကွ၊ လူသူ မနေတာ အင်မတန်ကြာမြင့်နေတဲ့ပုံပဲ”

အားလုံးငြိမ်သက်နေကြသည်။ ရှင်းမြင်သလို မှာခ်ကရော မမြင်နိုင်ဘူးလား။ သို့မဟုတ် နှာခ်က မှာခ်အမြင်မှားအောင် ပြုပြင်ဖန်ဆင်းထားလေသလား။ ရှင်းက မြေကြီးပေါ် ကျနေသော သစ်သီးကို နှာခ်အိမ်ပေါ်က လှမ်းကောက်ပုံကို ပြောလိုက်၏။

“လက်တစ်ဖက်ထဲ ရှည်ထွက်လာပြီး သစ်သီးကို ကောက်လိုက်တာ၊ အဲဒါမြင်ပြီး ငါလည်း ဆက်မနေရဲတော့ဘဲ ပြန်ထွက်ပြေးလာတာ”

သို့သော် အေ့က ယုံကြည်ပုံမရ။

“ဘယ်လို လက်က ရှည်ထွက်လာတာလဲ၊ ဒီလိုလား”

ဟု သူ့လက်နှစ်ဘက်ကို ရှေ့သို့ဆန့်တန်းပြကာ မေးခွန်းထုတ်နေသေးသည်။ အေ့၏ပုံစံကိုကြည့်ကာ ကျန်လူတွေက ဝိုင်းရယ်ကြသည်။ ပြီးတော့ ရှင်းကို အကြောက်ကြီးသူဟု လှောင်ပြောင်ကြ



www.burmeseclassic.com

www.burmeseclassic.com



၏။ ထိုနေ့ညသို့ ရှင်းသည် တော်တော်နှင့် အိပ်မပျော်။ သူငယ်ချင်းတွေကြားထဲ တိုးဝင်ကာ မနည်းအိပ်ပျော်အောင် ကြိုးစားနေခဲ့ရသည်။ ကျန်သူငယ်ချင်းတွေက ကောင်းကောင်းအိပ်ပျော်နေကြပြီ။ သူက တလူးလူး၊ တလွန့်လွန့်။

အခုနေ နာ့ခ်ရောက်လာလျှင် အက်။ သူအတင်းအိပ်ပျော်အောင် ကြိုးစားရာ မိုးလင်းကာနီးမှ အိပ်ပျော်သွားလေသည်။

* * * *

နောက်တစ်နေ့တွင် သူတို့အုပ်စု မာ့ခ်၏အိမ်ရှိရာဘက်ကမ်းကို ရောက်နေ၏။ ဘယ်သူမှ အိမ်ပေါ်မတက်ကြ။ အိမ်အောက်ကမြေပြင်မှာပင် သစ်ပင်အရိပ်ကောင်းကောင်း၌ တစ်ယောက်တကွဲထိုင်နေကြသည်။ မာ့ခ်ကတော့ ညက ကျိုးသွားသော လှေကားကိုပြင်ဆင်နေသည်။ ရှင်းက သူ့ကြောင့် ကျိုးသွားတာကို မသိချင်ယောင်ဆောင်နေ၏။ သူသည် ထိုင်နေရင်း မကြာခဏပင် နာ့ခ်တို့အိမ် လှမ်းကြည့်နေသည်။ နာ့ခ်ကို တွေ့ရလိုတွေ့ရငြား ဖြစ်သည်။ မာ့ခ်က အလုပ်လုပ်ရင်း လှမ်းပြောသည်။





"တာ့ရေ . . . နာ့ခ်ဆီက ပုဆိန်သွားတောင်းစမ်း၊ ငါယူခိုင်းတယ် ပြောလိုက်"

တာ့က ထိုင်ရာမှထကာ အိမ်ဆီလျှောက်သွားသည်။ ရှင်းက တော်ပါသေးရဲ့ဟု အောက်မေ့လိုက်၏။ တကယ်လို့ သူ့သာသွားအယူခိုင်းလျှင် ခက်ရချည်သေးရဲ့။ စိတ်ထဲတွင် ဘာမှမရှိဘဲပေါ့ပေါ့ပါးပါး လှေကားပေါ်မှတက်လာသော တာ့က အိမ်ရှေ့ကဖျင်ပေါ် ခြေချမိသည်နှင့် တွေဝေသွားသည်။ ညက ရှင်းပြောခဲ့သောစကားကို ပြန်လည်ကြားယောင်လာ၏။

"အိမ်က စုတ်ပြတ်ညစ်ပတ်ဟောင်းနွမ်းနေလိုက်တာ၊ လူနေတာနဲ့ မတူဘူး"

ဟုတ်ပါရဲ့။ ဖုံအလိမ်းလိမ်း၊ အခန်းနံ့ရံ့နှင့် ထောင့်တိုင်းမှာပင့်ကူမျှင်တွေနဲ့။ ကြမ်းပြင်ပေါ်မှာ သစ်ရွက်အကြွေတွေ၊ အမှိုက်စရိုက်တွေ။ တွားသွားသတ္တဝါ အင်းဆက်တွေကလည်း ရွေ့လျားနေ၏၊ တာ့က သတိကြီးစွာထားကာ အိမ်ဆီချဉ်းကပ်သွား၏။ အိမ်ထဲတွင် သူ့ကို ကျောပေးရပ်နေသော နာ့ခ်ကို တွေ့ရ၏။ တာ့က အသံပြု၊ လူတွေပြောလေ့ရှိသော စကားတစ်ခွန်းရှိ၏။ ကိုယ့်ခြေထောက်နှစ်ခုအကြား ခေါင်းငုံ့ကြည့်လျှင် တစ္ဆေသရဲကို တစ္ဆေသရဲအသွင်နဲ့



www.burmeseclassic.com

www.burmeseclassic.com



မြင်နိုင်တယ်ဆိုသော စကား။

တာ့က စမ်းသ ကြည့်ရန် စိတ်ကူးလိုက်သည်။ သူမတ်တပ် ရပ်နေရာက ခါးကိုကုန်းကာ ခြေထောက်နှစ်ချောင်းအကြားက နေ ကြည့်ရန် ပြင်လိုက်သည်။

"တာ့ . . . ရှင်ဘာလုပ်နေတာလဲ"

ဟူသော နော်ခ်အသံကိုကြားသဖြင့် ကပျာကယာ ပြန်မတ် လိုက်ရ၏။ နော်ခ်က သူ့ကိုစူးရှသော မျက်လုံးတွေနဲ့ စိုက်ကြည့်နေ သဖြင့် အနေခက်သွားသည်။ သူ့စိတ်ထဲက အကြံအစည်ကိုများ နော်ခ်သိနေလေသလား။ တာ့က ဟန်ကိုယ့်ဖို့ဆိုသော စကားအတိုင်း ဟန်မပျက်။

"နော်ခ် . . . မာ့ခ်က ပုဆိန်အတောင်းခိုင်းလိုက်လို့ပါ"

ဟု ပြောလိုက်လေသည်။

အလန့်တကြား ရှိလိုက်တာ။ တာ့က ပုဆိန်ယူလာကာ မာ့ခ်ကို ပေးလိုက်သည်။ ပြီးတော့ ဆီးသွားလိုသဖြင့် အိမ်နောက်ဖေး က တောစပ်သို့သွားကာ ခြုံထိုင်လိုက်သည်။ သူက ဆီးသွားရင်း အမှတ်မထင် တွေ့လိုက်ရသည်က သူ့ရှေ့က မြေပုံမို့မို့ဖြစ်သည်။ မြေပုံကို စူးစမ်းချင်စိတ်ဖြင့် သူက အသာအယာ လက်ဖြင့် ယက်





ဖယ်ကြည့်လိုက်သောအခါ ပထမဦးဆုံး ပေါ်ထွက်လာတာက အရိုး တွေနေသော လက်တစ်ဖက်။ လက်သူကြွယ်တွင် ကျောက်နီပါသော ရွှေလက်စွပ်ကလေးတစ်ကွင်း စွပ်ထားသည်ကို တွေ့လိုက်ရသည်။ ဘေးနားက မြေကို ဆက်ကာ ယက်ဖော်လိုက်သောအခါ လူသေ အလောင်းတစ်လောင်း ရုပ်ပျက်ဆင်းပျက် ပေါ်လာလေသည်။

ထိုနေရာမှ တာ့ကြောက်လန့်တကြား ထ,ပြေးလာခဲ့သည်။ သေချာပြီ။ ဒီအိမ်နောက်ဖေး မလှမ်းမကမ်းမှာ မြှုပ်ထားကတည်းက ဒီအိမ်က သေဆုံးသူသာ ဖြစ်ရမည်။ ဒါဆို ရှင်းရဲ့စကားက မှန်နေ ပြီပေါ့။ သူက အူလျှားဖားလျှား ပြန်ပြေးလာရင်း ညွတ်ကျနေသော သစ်ကိုင်းတစ်ကိုင်းတွင် တွယ်နေသည့် ပျားအုံတစ်အုံကို ဝင်တိုက်မိ သည်။ ဒီတော့ ပျားတွေက သူ့နောက်လိုက်ကာ အုံခဲတုတ်ကြပြန်၏။ ရှင်းတို့ဆီရောက်တော့ သူ့မျက်နှာမှာ ပျားတုတ်သည့်ဒဏ်ကြောင့် ဖူးယောင်၍နေသည်။

"ဟော့ကောင် ဘာဖြစ်လာတာလဲ၊ မင်းမျက်နှာက ဘယ်လို ဖြစ်လာတာလဲ"

သူက ရှင်းပြဖို့ ကြိုးစား၏။ သို့သော် ပျားတုတ်သည့်ဒဏ် ကြောင့် သူ့နှုတ်ခမ်းတွေကပါ ဖူးယောင်နေလေရာ သူပြီအောင်



www.burmeseclassic.com

www.burmeseclassic.com



မပြောနိုင်။ သူငယ်ချင်းတွေက နားမလည်။

"မင်း ဘာတွေလာပြောနေတာလဲ"

"ပီပီသသ ပြောစမ်းပါကွ၊ ဘာမှမသိဘူး"

သူတို့နှင့် မလှမ်းမကမ်းတွင် ထိုင်နေသည့် မှာခ်ကို နာ့ခ်က ရေတစ်ခွက်လာခပ်ပေး၏။ တာ့က နာ့ခ်၏လက်ကို အကဲခတ်ကြည့်လိုက်သည်။ နာ့ခ်၏လက်တွင် ကျောက်နီလက်စွပ်ကလေး။ လူသေအလောင်းတွင် တွေ့ခဲ့ရသည့် ကျောက်နီလက်စွပ်နှင့် တစ်ထေရာတည်း တူညီလှလေသည်။ ဒီတော့ တာ့က ပို၍ထိတ်လန့်သွား၏။

"နာ့ခ်ကလေ . . . နာ့ခ်က . . ."

သူက တစ်လုံးချင်း ပီသအောင် ပြောနေသည်။

"ငါက ဘာဖြစ်သလဲ"

ဟူသော နာ့ခ်၏အသံကြောင့် နှုတ်ပိတ်သွား၏။ နာ့ခ်က သူတို့ သတိမထားနိုင်မီ သူတို့အနားရောက်နေသည်။ ပြီးတော့ သူ့ကို စူးစူးရဲရဲမျက်လုံးတွေနှင့် ကြည့်နေ၏။

"ငါက ဘာဖြစ်သလဲ"

တာ့က မဖြေနိုင်။ ပါ့ခ်က . . .

"နာ့ခ် . . . နင့်ကို လှတယ်လို့ ပြောမလို့ ဖြစ်မှာပေါ့"





ဟု ဝင်ပြောလိုက်၏။ နာ့ခ်က . . .

"နင့်မျက်နှာ ဘာဖြစ်တာလဲ . . . တာ့"

ဟုမေး၏။ တာ့က . . .

"ငါ့ကို ပျားတွေတုတ်လိုက်တာ"

"ငါဆေးလိမ်းပေးမယ်၊ ငါ့နောက်လိုက်ခဲ့"

နာ့ခ်က ကျောပေးထွက်သွားသည်။ သို့သော် တာ့က လိုက်မသွား။ သူ လိုက်လည်း မသွားရဲ။ မိုးစက်ကလေးတွေက တဖွဲဖွဲကျလာသည်။ လျှောက်သွားသော နာ့ခ်ရဲ့အဝတ်အစားတွေက မိုးစိုဟန်မမြင်ရ။ တာ့က အိမ်အောက်သို့ ပြေးဝင်သွားသည်။ အိမ်အောက်တွင် ပစ္စည်းအဟောင်းတွေ စုပုံထား၏။ ထိုအထဲတွင် ကလောင်တံနှင့် မင်အိုးကို သူမနည်းရှာရသည်။ ရှာတွေ့တော့ စာတစ်စောင်ရေးလိုက်၏။

"နာ့ခ်သည် သရဲဖြစ်သည်"

(Nak is ghost.)

သူက အပြင်သို့ ပြန်ပြေးထွက်လာကာ သူ့သူငယ်ချင်းတွေကို ပြလိုက်၏။ ကျန်သုံးယောက်က ထိုစာတိုဖတ်ကာ အံ့အားသင့်သွားကြသည်။ ဘာတဲ့ . . နာ့ခ်က သရဲတဲ့။ ဖြစ်နိုင်ပါ့မလား။ ပထမ



www.burmeseclassic.com

www.burmeseclassic.com



တော့ ဤစကားကို ရှင်းက ပြောသည်။ ယခုတော့ တာ့ကပါ ပြောလာပြန်၏။

"ဟော့ကောင်တွေ မိုးရေထဲမှာ ဘာလုပ်နေကြတာလဲ"

သူတို့ရှိရာကို လျှောက်လာရင်း မာ့ခ်က ပြောလိုက်၏။ သူတို့က စာကို အလျင်အမြန်ဖတ်လိုက်ကာ ဖွတ်လိုက်ကြသော်လည်း မျက်စိလျင်သော မာ့ခ်က . . .

"မင်းတို့ဖတ်နေတာ ဘာလဲ"

"ဩော် . . . ဘာမှမဟုတ်ပါဘူး"

သူတို့က ထိုစာရွက်ကို မာ့ခ်မမြင်စေလို။ မာ့ခ်မြင်သွားရင် စိတ်မကောင်းဖြစ်နေမှာ စိုးရိမ်ကြသည်။ ဒါကြောင့် ကျောဘက်မှာပင် တစ်ယောက်လက်တစ်ယောက်ကမ်းရင်း ဝှက်ကြသည်။

"ဘာမဟုတ်ရမှာလဲ၊ ငါ့ကို ပြစမ်းပါ"

မာ့ခ်က လက်ထဲက အတင်းဝင်လု၏။ ပါ့ခ်လက်ထဲကနေ မာ့ခ်ဆီပါသွားသည်။ မာ့ခ်က ထိုစာရွက်ကို ဖွင့်ဖတ်ရင်း အတော်ပင် စိတ်မကောင်းဖြစ်သော မျက်နှာပေါ် လွှင်လာသည်။

မာ့ခ်လက်ထဲက စာရွက်ကို ရှင်းက မြန်မြန်ပြန်လုယူလိုက်သည်။ ပါ့ခ်က . . .





"ဒီကောင် မူးမူးနဲ့ လျှောက်ရေးထားတာ၊ မာ့ခ် . . . စိတ်မကောင်းမဖြစ်နဲ့"

သို့သော် တာ့က . . .

"မဟုတ်ဘူး မာ့ခ်၊ ရွာထဲကလူတွေ ပြောကြတာ အမှန်ပဲ၊ မင်းမိန်းမက သေနေပြီ"

"မဟုတ်တာ မပြောနဲ့၊ ဒါဆို ငါ့မိန်းမက သရဲလား"

ရှင်းက "ဟုတ်တယ်" ဟု လွှတ်ကနဲ ထွက်သွားပြီးမှ မာ့ခ်ကို အားနာကာ သူ့ပါးစပ်ကို ပိတ်ထားလိုက်သည်။ တာ့က . . .

"ငါပြောတာ ယုံပါ မာ့ခ်၊ ငါက မင်းမိန်းမအလောင်းမြှုပ်ထားတာကို ကိုယ်တိုင်တွေ့ခဲ့တာပါ။ မင်းတို့ အိမ်နောက်ဘက်က တောစပ်ထဲမှာ သူ့ကို မြေမြှုပ်ထားတယ်"

"တော်တော့ကွာ၊ မင်းတို့ မဟုတ်တာတွေ ပြောနေတယ်၊ ငါစိတ်ဆိုးတယ်"

မာ့ခ်က သူတို့ကို ကျောပေးကာ ထွက်သွားသည်။ သူတို့သုံးယောက်လည်း လှေကိုလှော်ကာ သူတို့အိမ်ရှိရာကမ်းဘက်ကို ပြန်လာခဲ့ကြသည်။ မိုးက သည်းသည်းမည်းမည်း ရွာသွန်းလာ၏။ ချောင်းရေစီးက မြန်၍လာသည်။ သူတို့လှေနှင့် မလှမ်းမကမ်းတွင်

www.burmeseclassic.com



လူသေအလောင်းတစ်လောင်း ရေစီးအတိုင်း မျောပါသွား၏။ သူတို့အားလုံး မတွေ့ကြ။ ထိုအလောင်းမှာ ရွာထဲက အရက်ရောင်းသော မိန်းမကြီးဒေါ်ပရုတ် ဖြစ်နေလေသည်။

* * * *

"နှင်း . . . နှင်း . . . "

တစ်ကိုယ်လုံး မိုးရေတွေ စိုရွှဲနေသော မှော်က အိမ်ပေါ် တက်လာရင်း ခေါ်လိုက်သည်။ နှင်းက ကြည့်လိုက်တော့ မှော်၏ မျက်နှာက စိတ်ဆိုးဟန် ပေါ်လွင်နေ၏။

"ဘာလဲ မှော်၊ ရှင့်သူငယ်ချင်းတွေက ဘာပြောလိုက်လို့လဲ"

နှင်းက စိုးရိမ်တကြီး မေးလိုက်၏။ မှော်သူငယ်ချင်းတွေက သူ့ကို တစ္ဆေသရဲတစ်ကောင်မှန်း ရိပ်စားမိနေကြပုံရသည်။ သူတို့က အချိန်မရွေးပင် မှော်ကို ဖွင့်ပြောနိုင်သည်။ မှော်ကလည်း ဤမြေပြင်တွင် သေအတူ၊ ရှင်မကွာ တိုက်ပွဲဝင်လာသော သူငယ်ချင်းများစကားဖြစ်သဖြင့် ယုံကြည်ပေမည်။

"မင်းကို ငါ့သူငယ်ချင်းတွေက ပြောတယ်၊ ရိုင်းစိုင်းတယ်"





တထင်နဲ့အမြင် ကွာခြားနေသဖြင့် နှင်းဖြဲ့အားသင့်သွားသည်။

"နောက် သူတို့နဲ့တွေ့တဲ့အခါ မင်း ဖော်ဖော်ရွှေရွှေဆက်ဆံ ပါ နှင်း"

နှင်းက ခေါင်းညိတ်ပြ၏။ ပြီးတော့ . . .

"ရှင် ကျွန်မကို ချစ်လား"

ဟုမေးသည်။

"ဘာလို့ မေးနေတာလဲ"

"သိချင်လို့ပေါ့၊ ဘယ်လောက်ချစ်သလဲ"

"အများကြီးပေါ့"

"ကျွန်မသေပြီးရင်လည်း ရှင်ဆက်ချစ်နေမှာပဲလား"

မှော်က နှင်းစကားကို နားမလည်သလို . . .

"မင်း ဘာတွေလာပြောနေတာလဲ၊ မင်းက ဘာလို့သေရမှာလဲ"

နှင်း ရင်နာသွားသည်။ မှော်က သူသေနေပြီဆိုတာ သိမှ မသေးဘဲကိုး။ သိသာသိရရင် . . .။

"မဟုတ်ဘူးလေ၊ လူဆိုတာ သေမျိုးချည်းပဲ၊ ကျွန်မလည်း သေနေသေမှာပဲ၊ ကျွန်မသေရင်ရော ရှင်ဆက်ချစ်နေဦးမှာလားလို့"



www.burmeseclassic.com

www.burmeseclassic.com



မှော်ခ်က . . .

"ချစ်မှာပေါ့၊ မင်းဘယ်ဘဝရောက်ရောက် ငါက ချစ်မှာပဲ"

"တကယ်နော်"

"တကယ် ငါကတိပေးတယ်၊ မင်းကို ဘယ်တော့မှ ခွဲမသွား

ဘူး"

တစ်ဘက်ကမ်းက အိမ်မှာတော့ ရှင်းတို့စလေးယောက် တိုး

ပင်နေကြသည်။ သူတို့မှာ ဝေခွဲမရဖြစ်နေကြသည်။ နာ့ခ်ကို သရဲ

ပါဟု မှော်ခ်အား ထုတ်ပြောရမှာ အားနာနေကြသည်။ မှော်ခ်က စိတ်

မကောင်းဖြစ်သွားမှာ စိုးရိမ်သည်။ သို့သော် ဒီလိုမပြောဘဲ နေပြ

ရင်လည်း . . .

"မင်းတို့ စဉ်းစားကြည့်၊ ဒီအတိုင်းဆို မှော်ခ်က သရဲမင်

လူမှတ်ပြီး တစ်သက်လုံး ပေါင်းသင်းနေထိုင်သွားရလိမ့်မယ်"

"အဲ့ဒါထက် ဆိုးတာက၊ သရဲမက ဆာရင် မှော်ခ်ကို ဂုတ်ခ

ပြီး သတ်စားလိုက်မှာ"

"ရှင်းကလည်း ပူစရာမရှိတာ ပူနေတယ်၊ သူ့ယောက်

တော့ သူသတ်စားပါ့မလား၊ သတ်စားမယ့်စားရင် မင်းကိုပဲ သတ်

စားမှာ"





"ဖွဟဲ့ လွဲပါစေ ဖယ်ပါစေ၊ ငါက ပိန်တော့ အရိုးများတယ်၊

သရဲမက မင်းလို ဝဝနဲ့ အဆီတစ်ထပ်၊ အသားတစ်ထပ်ကောင်ကိုပဲ

သတ်စားမှာ"

"ရှင်းနဲ့တာ့ တော်ကြစမ်းကွာ၊ အပိုတွေ မပြောနဲ့"

ပါ့ခ်က ဟန့်တားလိုက်သည်။ ပြီးတော့ မေးလိုက်၏။

"မှော်ခ်က ဘာလဲ"

တစ်ယောက်တစ်ပေါက် ပြောကြသည်။

"မှော်ခ်က ယောက်ျား"

"နာ့ခ်ရဲ့ ခင်ပွန်း"

"ဒန်ကလေးရဲ့အဖေ"

သူတို့မွေးသော ကလေးကို ဒန်ဟုမှည့်ထားသည်။ ပါ့ခ်က-

"လိုရင်းကို မရောက်ဘူး၊ ငါကိုယ်တိုင်ပြောမှ ဖြစ်တော့မယ်၊

တကယ်တော့ မှော်ခ်က တို့သူငယ်ချင်းမဟုတ်လား"

"ဟုတ်တယ်လေ"

"သူငယ်ချင်းတောင် ရိုးရိုးသူငယ်ချင်း မဟုတ်ဘူး၊ စစ်မြေပြင်

မှာ အတူတူလက်တွဲတိုက်လာတဲ့ သေအတူရှင်မကွာ သူငယ်ချင်းတွေ"

"အေး . . . ဒီတော့ ဒီသူငယ်ချင်းကို သရဲမလက်ထဲ ဒီ



www.burmeseclassic.com

www.burmeseclassic.com



အတိုင်းထားလို့ ဘယ်ဖြစ်မလဲ၊ တို့ကယ်ကိုကယ်ရမယ်"

ပါ့ခ်စေတနာကို သူတို့နားလည်သဘောပေါက်သွား၏။

"ဒီတော့ တို့ဘာလုပ်မလဲ"

ရှင်းက မေးသည်။ ပါ့ခ်က . . .

"မာ့ခ်ကို နာ့ခ်ဟာ သရဲဖြစ်တဲ့အကြောင်း သွားပြောရမယ်"

"ဟုတ်ပြီ . . . ဘယ်သူသွားပြောမှာလဲ၊ ငါကိုတော့ မလွှတ်နဲ့၊ ငါသွားမပြောရဲဘူး"

ပါ့ခ်က ကြိုတင်ကာ ငြင်းသည်။ တာ့က . . .

"ငါသွားမယ်၊ ငါနဲ့အဖော်တစ်ယောက်တော့ လိုက်ခဲ့"

"ကဲ . . . ရှင်း . . . မင်းလိုက်သွား"

သူတို့အုပ်စုထဲတွင် ခေါင်းဆောင်လိုဖြစ်နေသည့် အော့က်ပြောလိုက်တော့ ရှင်းလည်း မငြင်းသာ။ ရှင်းက . . .

"တို့နှစ်ယောက်ကတော့ ဒီမှာစောင့်ရင်း ကျန်ခဲ့မယ်၊ မင်းတို့ မြန်မြန်ပြန်လာခဲ့ကြ"

တာ့တို့နှစ်ယောက် ထွက်သွားသည်။ ပါ့ခ်နှင့်အော့သာ ကျန်ခဲ့၏။ ပါ့ခ်က . . .

"ဒီကောင် အရှုံးထတာ ဖြစ်မယ်၊ ငါတော့ နာ့ခ်သရဲဆိုတာ





လုံးဝအယုံအကြည်မရှိဘူး၊ သရဲဆိုတာ အရုပ်ဆိုးတယ်ပဲ ကြားဖူးတယ်၊ နာ့ခ်က ဒီလောက်လှတာကိုး"

ထိုစဉ် တံခါးဝမှာ တဒုန်းဒုန်းခေါက်သံကြောင့် သူတို့လန့်ရှိသွား၏။ ဒီအချိန် ညကြီးမင်းကြီး သူတို့တံခါးကို ဘယ်သူက လာခေါက်နေသနည်း။ မာ့ခ်တို့လင်မယား မဟုတ်နိုင်။ တာ့တို့ကလည်း မာ့ခ်တို့အိမ် ထွက်သွားသည်။ ရွာထဲကလည်း သူတို့နှင့် အသိအကျွမ်းရှိတာမဟုတ်။ ဘယ်သူက လာမည်နည်း။

"ဒေါက် . . . ဒေါက် . . . ဒေါက် . . . ဒေါက်"

တံခါးခေါက်သံ ထပ်မံထွက်ပေါ် လာပြန်၏။ ပါ့ခ်နှင့်အော့က တံခါးနားကို အရဲစွန့်ကပ်သွားပြီး တံခါးကို ဖွင့်ပေးလိုက်သည်။ တံခါးဝတွင် မီးအိမ်တစ်လုံးနှင့် ရပ်နေသူက အရက်ဆိုင်ပိုင်ရှင် ဒေါ်ပရက်၏သား ဖြစ်နေလေသည်။

"ဘာကိစ္စလဲ၊ အချိန်မတော်ကြီး"

ရှင်းက မေးလိုက်တော့ . . .

"ကျွန်တော် ခင်ဗျားတို့ကို အသုဘလာဖိတ်တာပါ"

ခြောက်ခြားနေရတဲ့အထဲ ကြားလိုက်ရတဲ့စကားက မင်္ဂလာမရှိ၊ သူတို့ကို ပို၍ထိတ်လန့်သွားစေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူသေလို့လဲ"

"ကျွန်တော့်အမေ . . ."

"ဒေါ်ပရုတ်လား"

"ဟုတ်တယ်"

သူတို့နှင့် အရက်ဆိုင်တွင် တစ်နေ့က ဆုံခဲ့သော မိန်းမကြီး အခုသေပြီတဲ့။ ပေါ်ခ်က မေးလိုက်သည်။

"ဘာရောဂါနဲ့လဲ ညီငယ်"

"ဘာရောဂါရမှာလဲဗျ၊ နာ့ခ်သတ်လို့ သေတာ"

လူငယ်က ငိုသံပါကြီးနှင့် ပြောလိုက်သည်။ တာ့က . . .

"နာ့ခ်သတ်လို့ ဟုတ်လား"

"ဟုတ်တယ် . . . နာ့ခ်က သူ့ကို သေပြီလို့ပြောရင် မကြိုက်ဘူး၊ အဲဒီလိုပြောတဲ့ လူတိုင်းကို သတ်ပစ်တာချည်းပဲ"

လူငယ်က မီးဖိုမ်ဆွဲကာ ပြန်ထွက်သွားသည်။ ပေါ်ခ်နှင့် အေ က တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြသည်။ နာ့ခ်က သူ့ကို သေပြီပြောတဲ့လူတိုင်းကို သတ်ပစ်တယ်တဲ့၊ ဖော်ကောင်မလုပ် နိုင်အောင် နှုတ်ပိတ်ပစ်တဲ့သဘောပဲ။ ပေါ်ခ်က . . .

"နေဦးလေ . . . တာ့ရေးတဲ့စာကို မာ့ခ်ဖတ်လိုက်ရတယ်





ဟုတ်လား၊ ဒါတောင် သူက မသိဘူးလား"

ပေါ်ခ်က အဲဒီစာကို ထုတ်ယူကာ မီးရောင်တွင် ဖတ်လိုက်သည်။ ပြီးတော့ . . .

"အေရေ . . . စာက သော့က်တလွဲကြီး ဖြစ်နေပြီ၊ ဒီမှာ သတ်ပုံမှားနေတယ်လေ၊ Nak is ghost ဖြစ်ရမှာ အခုတော့ Nak is gross ဖြစ်နေတယ်၊ ဒီတော့ နာ့ခ်ဟာ သရဲမဟုတ်တော့ဘူး၊ နိုင်းစိုင်းတယ်လို့ ဖြစ်နေတယ်"

အေက သူ့နဖူးသူ လက်ဝါးနဲ့ ရိုက်လိုက်သည်။

"ဒီ ghost နဲ့ gross က အသံထွက်တူနေတာကို၊ ဒီတော့ ဒါလည်း မှားရေးမိတာပေါ့၊ အခုတော့ လူကိုယ်တိုင်လိုက်ပြောမှ ဖြစ်မယ်"

"ဘာပြောမှာလဲ"

"နာ့ခ်ဆိုတာ သရဲဖြစ်တဲ့အကြောင်း မာ့ခ်ကို ဟိုကောင်တွေ ပြောခင် ဦးအောင်ပြောရမှာပေါ့ကွ၊ သူတို့ပြောတာ နာ့ခ်ကသိရင် ဘယ်ခံနေမလဲ၊ ဒေါ်ပရုတ်တုန်းကလို သတ်ပစ်မှာ သေချာတယ်"

ပေါ်ခ်လည်း အခုမှ ဤအချက်ကို တွေးမိသွားသည်။

"ဒါဆို တို့ မြန်မြန်မှီအောင် လိုက်ကြရမယ်"



www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက် လှေဆိပ်ကို အပြေးဆင်းသွားကြလေ
သည်။

* * * *



* အမှိုက်စပေါ်တွင် တရှူရှူလှုပ်နေသော ပိုးကောင်တွေပါလာ
တာ တွေ့သော်လည်း ပါးစပ်ကိုဟကာ နှာခေါင်းပိတ်၍
အာခေါင်ထဲထည့်လိုက်သည်။ ပြီးတော့ ကပျာကယာ မျိုချ
လိုက်၏။

## (၄) တစ္ဆေတည်ခင်းသော ညစာစားပွဲ

www.burmeseclassic.com

www.burmeseclassic.com

## (၄) တစ်စွန်းတည်းစင်းသော ညစာစားပွဲ

တာနှင့် ရှင်းသည် လေ့ပေါ်မှဆင်းကာ မာ့ခ်တို့အိမ်သို့ လျှောက်သွားကြသည်။ အိမ်ကြီးနှင့်တကွ ပတ်ဝန်းကျင်ကပါ တိတ်ဆိတ်မှောင်မဲနေသည်။ ရှင်းလက်ထဲတွင် ကိုင်ဆောင်လာသည့် မီးတုတ်အလင်းရောင်သည်ကား တစ်ခုတည်းသော အလင်းရောင်ဖြစ်၏။ ဤအနီးအပါးတွင် နေထိုင်သော သူဟူ၍မရှိ။ လူများစုမှာ ချောင်းနှင့် အတန်ငယ်လှမ်းသော ကုန်းတွင်းပိုင်းတွင်သာ နေထိုင်ကြသည်။ ထို့ကြောင့်လည်း ဤနေရာမှာ ပိုမိုတိတ်ဆိတ်နေခြင်း ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မာ့ခ်တို့အိမ်ကလည်း မှောင်မဲနေတာပဲ၊ သူတို့အိပ်နေကြပြီထင်တယ်"

"ရောက်မှတော့ ခေါ်ကြည့်တာပေါ့ကွာ၊ ခေါ် သာခေါ်"

"ဟေ့ . . . မာ့ခ်ရေ . . . သူငယ်ချင်း . . . မာ့ခ်ရေ"

တာ့က အော်ခေါ်သည်။ အတန်ကြာတော့ တဲထဲတွင် မီးလင်းလာတာ တွေ့ရ၏။ မကြာခင် မာ့ခ်သည် ရေနံဆီမီးခွက်တစ်ခွက်ကိုကိုင်ကာ ထွက်လာသည်။ သူက အိမ်ကပျဉ်ပေါ်မှနေ၍ အောက်မှ တာ့တို့နှစ်ယောက်ကို ကြည့်ကာ . . .

"မင်းတို့ ဘာလာလုပ်ကြတာလဲ၊ အချိန်မတော်ကြီး"

"မင်းနဲ့တွေ့ဖို့ လာတာ မာ့ခ်၊ ပြောစရာရှိလို့"

မာ့ခ်မျက်နှာက စိတ်ပျက်ဟန်ပေါ်လွင်လာသည်။

"ပြောစရာရှိရင်လဲ မနက်မှပြောကွာ၊ ကဲ . . ပြန်ကြတော့"

"ပြန်လို့မဖြစ်ဘူး မာ့ခ်"

တာ့က ပြောလိုက်သည်။

ရှင်းကလည်း . . .

"ကိစ္စက အရေးကြီးတယ်၊ အခု ပြောမှဖြစ်မယ်"

"ဒါဆိုလည်း ပြောကွာ"





မာ့ခ်က အလျှော့ပေးလိုက်ရသည်။ သူ့သူငယ်ချင်းတွေအကြောင်းသိသည်။ သူတို့က သဘောအလွန်ကောင်းသလို အနည်းငယ်လည်း ကြောင်စိစိနိုင်ကြ၏။

"ကဲ . . . ပြော၊ ဘာပြောမှာလဲ"

"ဒီလို မာ့ခ်၊ မင်းရဲ့မိန်းမ နာ့ခ်ဟာလေ . . ."

"ဘာဖြစ်လဲ"

"အေး . . . မင်းရဲ့မိန်းမ နာ့ခ်ဟာလေ . . ."

ထိုစဉ် နာ့ခ်က မာ့ခ်ရဲ့ဘေးတွင် လာရပ်လိုက်သည်။ ဆက်ပြောမည့် တာ့စကားမှာ တန့်၍သွား၏။ နာ့ခ်ရှေ့မှာတော့ ဒီစကားက ပြောမထွက်။ မာ့ခ်က စိတ်မရှည်။

"ပြောလေကွာ၊ ငါ့မိန်းမက ဘာဖြစ်လဲ"

"သြော် . . . သြော် . . . မင်းမိန်းမက သိပ်ချောတယ်လို့ ပြောမလို့ပါ မာ့ခ်"

ဤစကားများကို တာ့က ပြောသည်မဟုတ်။ နောက်ထပ် သူတို့ကို တားရအောင် ရောက်လာသည့် နှစ်ယောက်အနက် ပေါ်ခ်က ပြောလိုက်ခြင်း ဖြစ်၏။

သူတို့ကို လှည့်ကြည့်ကာ တာ့အံ့အားသင့်သွား၏။ မာ့ခ်က



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



လည်း စိတ်ပျက်သွားသည်။

"ငါ့မိန်းမချောတဲ့အကြောင်း အချိန်မတော်ကြီးနှိုးပြီး ပြောရလားကွာ၊ မင်းတို့ တော်တော်ကြောင်တာပဲ"

"မဟုတ်ဘူး မှော်၊ တကယ်တော့ . . . "

ပြောလုဆဲဆဲ ရှင်း၏ပါးစပ်ကို အေ့က အတင်းလက်နှစ်ဖက်ဖြင့် ပိတ်လိုက်သည်။ တာ့က ဒေါပွကာ . . .

"ဘယ်လိုလဲ နဂိုကတော့ မင်းတို့ပဲ သွားပြောဆို လွှတ်လိုက်ပြီးတော့"

တာ့နှင့်ရှင်းကို ပါ့ခ်နဲ့အေ့က အနည်းငယ်ဝေးရာ ဆွဲခေါ်သွားပြီး ဒေါ်ပရတ်ကိစ္စ ရှင်းပြလိုက်၏။

"ဒေါ်ပရတ်ဟာ နာ့ခ့်သရဲဖြစ်တဲ့အကြောင်း ဖွင့်ပြောလို့ အသတ်ခံလိုက်ရတယ်၊ နာ့ခ်က သတ်တာတဲ့၊ မင်းတို့ဖွင့်ပြောရင်လည်း မင်းတို့ကို သူသတ်မှာပဲ၊ ဒါကြောင့် တို့က အချိန်မီလာတားတာ"

"တကယ်လား"

ဒီစကားကြားတော့ တာ့ရော ရှင်းပါ ထိတ်လန့်သွားသည်။

"သူ့ရှေ့မှာ ပြောလို့တော့ မဖြစ်ဘူး၊ အခွင့်ကောင်းစောင့်





ပြီး သူ့ကွယ်ရာမှာ ပြောကြတာပေါ့"

သူတို့လေးယောက် ခေါင်းချင်းဆိုင်ကာ တိုင်ပင်နေကြသည်ကို မှော့ခ်က မြင်သောအခါ . . .

"ဟော့ကောင်တွေ မင်းတို့ ဘာတွေပြောနေကြတာလဲ"

ဟု လှမ်းမေး၏။

"ဟာ . . . ဘာမှမဟုတ်ပါဘူး"

"ကဲ . . . မင်းလည်း ပြန်အိပ်တော့"

"တို့လည်း ပြန်တော့မယ်"

ဆိုသော် သူတို့ကို မသင်္ကာဖြစ်နေသော နာ့ခ်က . . .

"ရှင့်သူငယ်ချင်းတွေကို အိမ်ပေါ်ဖိတ်လိုက်ပါ မှော်၊ ကျွန်မ ညစာကျွေးချင်လို့ပါ"

ဟု ပြောလိုက်၏။ မှော့ခ်က ဝမ်းသာအားရပင် . . .

"သူငယ်ချင်းတို့ အိမ်ပေါ်တက်ပါဦး၊ မင်းတို့ကို ဧည့်ခံချင်လို့တဲ့၊ နာ့ခ်က ဖိတ်ခေါ်နေတယ်"

သူတို့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြသည်။ တကယ်တော့ ဒီအိမ်ပေါ်ကို ဘယ်သူမှ မတက်ချင်ကြ။ သို့သော် နာ့ခ်က ဖိတ်ခေါ်နေတယ်ဆိုတော့ ဘယ်သူကမှလည်း အမြွ



www.burmeseclassic.com

မငြင်းဆန်ရဲကြ။ ဒါကြောင့် သူတို့လေးယောက် မှာခ်၏အိမ်ပေါ်သို့ ရောက်သွားလေသည်။

* * * *

နှစ်ပေါင်းများစွာ သူတို့မသေမချင်း ညစာစားကြရဦးမည်။ ညစာစားပွဲပေါင်းများစွာကို ကြုံကြရဦးမည်။ သူတို့လေးယောက် ဝိုင်းထိုင်နေသော စားပွဲပေါ်တွင် မဆေးမကြောသည်မှာ ကြာပြီဖြစ်သည့် ပန်းကန်အစုတ်အပြတ်များ ဖတ်စီအရီတင်၍ထားသည်။ မှာခ်က ဝမ်းသာအားရ . . .

"သူငယ်ချင်းတို့ စားကြ၊ အားရပါးရ စားကြ၊ မင်းတို့ကို နာ့ခ်က စေတနာကောင်းလွန်းလို့ အပင်ပန်းခံချက်ကျွေးထားတာ၊ ဟောဒီမှာ ငါးကြော်ပန်းကန်၊ ဒါက ကြက်ပေါင်၊ ဒါက ပုဇွန်ဟင်း"

သူက ဟင်းခွက်တွေကို လက်ညှိုးထိုးပြရင်း ပြောဆိုနေသည်။ မှာခ်ကသာ ဟင်းအမည်တွေ ရွတ်ဆိုပြနေသော်လည်း သူတို့တကယ်မြင်ကြရတာက . . .

ဟင်းခွက်တွေထဲတွင် ရှိသောအရာများမှာ သစ်ရွက်ခြောက်





များ၊ သစ်ကိုင်းအကျိုးများ၊ အမှိုက်သရိုက်များ၊ အရှင်လတ်လတ် ရွှတက်နေသော ပိုးကောင်မွှားကောင်းများ။

မှာခ်ရဲ့မျက်လုံးထဲမှာတော့ နာ့ခ်က ပြုစားထားသဖြင့် ဤအရာတွေကိုပင် ကြက်သားတွေ၊ ငါးတွေ၊ ပုဇွန်တွေအဖြစ် မြင်နေပေလိမ့်မည်။ သူတို့ကတော့ ပကတိအရှိတရားအတိုင်းသာ မြင်နေ၏။ မှာခ်က . . .

"ဟောကောင်တွေ ဘာကြည့်နေတာလဲ၊ စားကြလေ၊ မင်းတို့ သူပင်ပင်ပန်းပန်း ချက်ထားတာတွေ မစားရင် နာ့ခ်က စိတ်ဆိုးနေလိမ့်မယ်"

ဟု ပြောလိုက်၏။ နာ့ခ်စိတ်ဆိုးမှာကိုတော့ သူတို့လေးယောက်လုံး ကြောက်ကြသည်။ ထို့ကြောင့်ပင် ပဲါခ်က စတင်ကာ သူ့ရှေ့က သစ်ရွက်ခြောက်တစ်ခုကို ကောက်ယူကာ ပါးစပ်ထဲထည့်၍ ကိုက်စားပြလိုက်၏။ စားသာစားနေရသော်လည်း ရွံရှာလွန်းသဖြင့် သူ့မျက်နှာက ရှုံ့ရှုံ့မဲ့မဲ့။ မှာခ်က . . .

"ဘယ်လိုလဲ . . . စားလို့ကောင်းလား ပဲါခ်"

လို့မေးတော့ . . .

"ကောင်းတယ် . . . အရသာရှိလိုက်တာ"

www.burmeseclassic.com



ဟုပြောရင်း ကျန်လူတွေဘက် လှည့်ချွန်လိုက်သည်။

"ဟော့ကောင်တွေ မင်းတို့လည်း စားကြလေ"

ရှင်းက . . .

"ငါဗိုက်ပြည့်နေလို့"

တာ့က . . .

"ငါတို့ ညနေက ရွာထဲမှာ ဝယ်စားခဲ့တယ်"

မှာ့ခ်က . . .

"ပုံခ်တောင် စားသေးတာပဲ၊ နည်းနည်းဖြစ်ဖြစ် စားကြကွာ"

ဟု တိုက်တွန်းတော့ မနေသာတော့ဘဲ တာ့က ကြက်သား ကြော်ပန်းကန်ဟု ပြောသောခွက်ထဲက သစ်ကိုင်းခြောက်တစ်ခုကို ယူကာ ကိုက်စားပြရ၏။ မှာ့ခ်က . . .

"ဘယ်လိုလဲ"

"စားလို့ကောင်းတယ်၊ လက်ရာတော်တော် မြောက်တာပဲ နောက်မှ မင်းမိန်းမဆီမှာ ဟင်းချက်နည်း သင်ရဦးမယ်"

နောက်ဆုံးတော့ အေ့လည်း စားရပြန်သည်။ သူကလည်း အမိုက်စတစ်ခုကို ကောက်ယူကာ အားရပါးရ တကျွတ်ကျွတ်ဝါးစား ပြလိုက်၏။ အများစားသမျှကြည့်ကာ ရွံ့ရှာပြီး အန်ချင်စိတ်ပေါက်





နေသူက ရှင်းဖြစ်သည်။ အခုအချိန်အထိ ရှင်းလက်ရှောင်နေတာကို ကြည့်ပြီး အေ့က သဘောမကျ။ ဒါကြောင့် ပိုးကောင်တွေ တရွရွ ဖြစ်နေသော ပန်းကန်တစ်ချပ်ကို ကောက်ယူကာ ရှင်းရှေ့ကို ချပေး လိုက်ပြီး . . .

"ကဲ . . . ရှင်း၊ မင်းလည်း စားလိုက်ဦး"

ဟု ချောက်တွန်းလိုက်သည်။ ရှင်းက . . .

"ငါ ဗိုက်ပြည့်နေတယ်"

ဟုငြင်းသော်လည်း မှာ့ခ်က . . .

"ရှင်း . . . မငြင်းနဲ့၊ အားလုံးတောင် စားနေတာပဲ၊ မင်း လည်း တစ်လုတ်ပဲဖြစ်ဖြစ် စားလိုက်"

"တစ်လုတ်တည်းပဲနော်"

ရှင်းက ရှုံ့ရှုံ့မဲ့မဲ့ပြော၏။

"အေး . . . ဟုတ်တယ်၊ တစ်လုတ်ထဲပဲစား"

ရှင်းက သူ့ရှေ့က ပန်းကန်ထဲမှ အမှိုက်တစ်စကို ကောက် ယူလိုက်သည်။ ထိုအမှိုက်စပေါ်တွင် တရွရွလှုပ်နေသော ပိုးကောင် တွပါလာတာ တွေ့သော်လည်း ပါးစပ်ကိုဟကာ နှာခေါင်းပိတ်၍ အခေါင်ထဲထည့်လိုက်သည်။ ပြီးတော့ ကယောကယာ မျိုချလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



အခုတော့ သူတို့ဝတ္တရားကျေသွားလေပြီ။ ဒီအိမ်မှာ တစ်စက္ကန့်ကလေးမှ မနေချင်တော့။ အမြန်ဆုံးသွားရန် တစ်ဦးနှင့်တစ်ဦး မျက်ရိပ်ပြနေစဉ် မှာ်ခ်က . . .

"သူငယ်ချင်းတို့ နေကြဦး၊ မင်းတို့ကို ငါ့သားလေးနဲ့ မိတ်ဆက်ပေးရဦးမယ်"

သူတို့လန့်သွားကြသည်။ သရဲမက မွေးသော သရဲလေး ဒါမှမဟုတ် မှင်စာကလေး။ မှာ်ခ်က သူ့သားကလေးချီကာ ပြန်ရောက်လာသည်။

"ငါ့သားလေး ဒန်လေ ကြည့်စမ်း၊ မလှဘူးလား"

သူတို့ စိတ်ပျက်သွားကြသည်။ မှာ်ခ်ချီထားတာက အသက်ဝိညာဉ်ကင်းမဲ့နေသည့် သန္ဓေပျက်ကလေးအလောင်းလေးသာ ဖြစ်သည်။ တာ့က သူ့ဘက်လှည့်လာမှာစိုးသဖြင့် . . .

"ရှင်းက ကလေးချစ်တတ်တယ်ကွ"

ဟု ချွန်ပေး၏။ မှာ်ခ်က . . .

"ဟုတ်လား . . . ငါ့သားလေးကို ချီပါဦး"

ဟု ရှင်းလက်ထဲထည့်ပေးသည်။ ရှင်းက မလွှဲသာဘဲ ယူလိုက်ရ၏။ အနံ့အသက်မကောင်းသော ကလေးအလောင်းလေးကို





မွေ့ပိုက်ထားစဉ် မှာ်ခ်က . . .

"ရှင်း . . သားလေးက မင်းကို သဘောကျတယ်ထင်တယ်၊ ပြုံးပြနေတယ်၊ သားလေးကို အာဝါးပေးလိုက်ပါဦး"

ပုပ်စော်နံနေသော ကလေးအလောင်းကို နမ်းခိုင်းနေပြန်ရာ ရှင်းသည် ရှုံ့မဲ့သော မျက်နှာဖြင့် အောင့်အီးကာ နမ်းလိုက်ရလေသည်။ အေးစက်တောင့်ခဲနေသော ကလေးအလောင်းကို မှာ်ခ်လက်ထဲထိုးထည့်ကာ သူတို့ ထိုအိမ်က ခပ်သွက်သွက် ထွက်လာခဲ့ကြသည်။ ဆက်ကာနေရလျှင် မကြာခင် အကြောက်လွန်ကာ အသက်ထွက်သွားနိုင်သည်။

သူတို့တည်းသည့်အိမ်ရောက်သောအခါ လေးယောက်သားစားခဲ့ရသော အစားအစာတွေကို ရွံရှာလွန်းသဖြင့် ပါးစပ်ထဲလက်ထိုးထည့်ကာ အန်ချနေရသည်။ ရှင်းက . . .

"ငါတို့မြင်သလို မှာ်ခ်က မမြင်ဘူးကွ၊ ဒါကြောင့် သူ့မိန်းမကျွေးသမျှ အမှိုက်တွေကို ဒီကောင် ဟင်းလုပ်စားနေရရှာတယ်"

"ဟုတ်တယ် . . . ဒီကောင်ကို ကယ်မှကောင်းမယ်"

"ဘယ်လိုကယ်မှာလဲ"

တစ်ယောက်တစ်ပေါက် ပြောနေကြသည်။ အော့က . . .



www.burmeseclassic.com

www.burmeseclassic.com



"ငါတော့ ဒီမှာဆက်မနေချင်တော့ဘူးဟေ့၊ မနက်ကျရင် ဒီရွာက တစ်ခါတည်း ထွက်သွားကြရအောင်"

"ဟုတ်တယ် . . . ကြာရင် ငါတော့ ကြောက်တာနဲ့ သေ လိမ့်မယ်"

ထိုစဉ် ပိတ်ထားသော သူတို့အိမ်တံခါးကို တဒုန်းဒုန်းထု သော အသံတွေ ထွက်ပေါ်လာသဖြင့် လေးယောက်လုံး လန့်ဖြ သွားကြ၏။ တံခါးကို သူသွားဖွင့်၊ ငါသွားဖွင့်နှင့် ငြင်းခုန်နေကြစဉ် တံခါးက ဝုန်းကနဲ ပွင့်သွား၏။ သူတို့ လန့်အော်တော့မလို ဖြစ်သွား သည်။ သို့သော် တံခါးဝတွင် ရပ်နေသူက မှာ့ခ်ဖြစ်နေသည်။

မှာ့ခ်ရဲ့မျက်နှာက စိတ်ဆိုးပုံပေါက်နေ၏။

"မင်းတို့တွေ ဘယ်လိုတွေ ဖြစ်နေတာလဲ၊ ငါ့မိန်းမကို သ များမှတ်နေသလား"

ဟုမေးတော့ . . .

"မှတ်တယ် . . . မှတ်တယ်"

"မှတ်တာ မဟုတ်ဘူး၊ မင်းမိန်းမက သရဲပဲ မှာ့ခ်"

"ဟုတ်တယ် . . . မင်းစစ်မြေပြင်မှာ ရောက်နေတုန်း သူ ကလေးမီးမဖွားနိုင်ဘဲ သေဆုံးသွားတယ်"





မှာ့ခ်က တွေဝေသွားသည်။ ပြီးတော့ . . .

"ငါတော့ မယုံဘူး"

တဲ့တ . . .

"မင်းမိန်းမက တကယ်ကို သေနေခဲ့ပြီ မှာ့ခ်၊ ငါကိုယ်တိုင် မြင်ခဲ့တာ၊ သူ့အလောင်းကို မင်းတို့အိမ်အနောက်က တောစပ်မှာ မြှုပ်ထားတာ"

"မယုံဘူးကွာ၊ ငါက ဒီမိန်းမနဲ့ ဒီကလေးနဲ့ နေ့ရောညပါ အတူနေနေတာကွ၊ ငါက အသိဆုံးပေါ့၊ ငါ့မိန်းမ သရဲဆိုတာ လုံးဝ မဟုတ်ဘူး၊ ရွာကလူတွေက ငါ့မိန်းမလှတာကို မနာလိုကြဘူး၊ တချို့ ယောကျ်ားတွေကျတော့လည်း သူ့ကိုမရလို့ မနာလိုကြဘူး၊ အဲဒါ ကြောင့် တမင်ပြောနေကြတာကွ"

စိတ်ဆိုးဆိုးနှင့် မှာ့ခ်က သူတို့ကို ကျောခိုင်းထွက်ခွာသွား သည်။ ရှင်းတို့လေးယောက်သာ စိတ်ညစ်ကျန်ခဲ့၏။ ပေါ့ခ်က . . .

"ဒီကောင်က ချစ်စိတ်ဝင်နေတဲ့အကောင်၊ ဒီတော့ နာ့ခ် အပေါ်မှာ အမြဲအကောင်းမြင်နေမှာပဲ"

"ဒါကြောင့် နာ့ခ်ဟာ လူမဟုတ်ဘူး၊ သရဲမဆိုတာ ဒီကောင် လက်ခံယုံကြည်လာအောင် လုပ်ရမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် . . . လူနဲ့သရဲဆိုတာ ဘဝခြင်းခြားနေတဲ့ သူတွေပဲ"

"ဟုတ်တယ် . . ဒီကိစ္စမပြီးမချင်း တို့လည်း ဒီရွာက ထွက်သွားလို့ မဖြစ်ဘူး၊ တို့သူငယ်ချင်းကို ပစ်ထားတဲ့သလိုဖြစ်မယ်"

"ဒါဆို ဘယ်လိုလုပ်ကြမလဲ"

"ဖြစ်တဲ့နည်းနဲ့ ကယ်ကြမယ်"

သူတို့လေးယောက် ခေါင်းချင်းဆိုင်ကာ တိုင်ပင်နေကြလေသည်။

* * * *

အပြင်တွင် မိုးက သည်းမဲ့စွာ ရွာသွန်းနေ၏။ တစ်ချက်တစ်ချက် လျှပ်ရောင်ပြက်လိုက်သောအခါ ညသည် လင်းလက်၍သွားသည်။ မာ့ခ်သည် မိုးရေထဲမှာပင် သူ့အိမ်ကို ပြန်ရောက်လာ၏။

အိမ်ဝမှာပင် နာ့ခ်က ကြိုဆိုနေသည်။

"ရှင့်ကိုယ်မှာလည်း ရွှံ့တွေပေနေပါလား၊ ချော်လဲလာတာလား"





နာ့ခ်က သူ့ခန္ဓာကိုယ်က ရွှံ့တွေကို သုတ်ပေးရင်း . . .

"ရှင့်ကို ရှင့်သူငယ်ချင်းတွေက ဘာပြောလိုက်လဲ"

ဟုမေး၏။ မာ့ခ်က ဖုံးကွယ်မနေတော့ဘဲ . . .

"သူတို့က မင်းကို သရဲမလို့ ပြောနေကြတယ်"

နာ့ခ်က မာ့ခ်ရဲ့မျက်နှာကို အကဲခတ်သလိုကြည့်ကာ . . .

"ရှင်က ယုံသလား"

မာ့ခ်က မချိပြုံးပြုံးလိုက်ပြီး . . .

"မယုံပါဘူး၊ သရဲက ဒီလောက်ချောနေပါ့မလား"

သူ့ဇနီးမျက်နှာကလေးကိုကိုင်ကာ ပြောလိုက်သည်။

"မင်း ငါ့ကိုချစ်လား နာ့ခ်"

"မာ့ခ် . . . ရှင်ဘာလို့မေးတာလဲ"

"သိချင်လို့ပါ"

"ရှင်ကရော . . ."

"ငါက မင်းကို သိပ်ချစ်တယ်၊ ဘယ်တော့မှ မင်းကိုခွဲမသွားပါဘူးလို့ ငါကတိပေးပါတယ် နာ့ခ်"

"ဘယ်ဘဝရောက်နေ‚နေလား မာ့ခ်"

မာ့ခ်က ခေါင်းညိတ်ပြလိုက်သည်။ နာ့ခ်က မာ့ခ်ရင်ခွင်ထဲ



www.burmeseclassic.com

www.burmeseclassic.com



တိုးဝင်လိုက်သည်။ အပြင်တွင် အေးမြနေ၏။ နှာခ်ကတော့ နွေးထွေး ၍နေလေသည်။

* * * *

* နှာခ်က မှာခ်မသိအောင် သူ့မျက်နှာပေါ်က မျက်နှာဖုံးကို ချွတ်လိုက်သည်။ နှာခ်ကို မြင်ရသော လူတွေက ထိတ်လန့်ကာ တစထက်တစ ထိုနေရာမှ ထွက်ခွာသွားလေရာ မကြာခင် ရဟတ်ကြီးဘေးတွင် လူတွေရှင်းလင်း၍ သွားလေတော့သည်။

## (၅) တကယ်သေတာ ဘယ်သူလဲ



www.burmeseclassic.com

www.burmeseclassic.com

## (၅) တကယ်သေတာ ဘယ်သူလဲ

ရွာထိပ်က ဘုရားပွဲ။

ပွဲဈေးတန်းက စည်ကားလှသည်၊ လောင်းကစားရုံများ၊ မုန့်ဈေးတန်း၊ အရုပ်သည်များ။ ပြီးတော့ အပျော်စီးခြားရဟတ်များ။ ပွဲဈေးခင်းတွင် ထွန်းညှိထားသော မီးရောင်များကြောင့် နေ့အလားလင်း၍နေလေသည်။ မော့ခ်သည် နော့ခ်နှင့် လက်ခြင်းတွဲကာ ပွဲဈေးတန်းမှာ လမ်းလျှောက်ရခြင်းအတွက် စိတ်ထဲက ပျော်ရွှင်နေ၏။ ပြေးလွှားဆော့ကစားနေသော ကလေးတစ်သိုက်အကြား လျှောက်သွားစဉ် ခပ်ဝဝကလေးတစ်ယောက်က နော့ခ်နှင့် ဝင်တိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ကလေးက နော့ခ်ကိုမော့ကြည့်ကာ . . .

"ဟင် . . . သရဲမကြီး" ဟုပြော၏။ ပြီးတော့ ထွက်ပြေးသွားသည်။ မာ့ခ်က နော့ခ်ကို ကြည့်လိုက်သည်။ နော့ခ်က ဘုရားပွဲဈေးတန်းကို ရောက်ကတည်းက သရဲပုံမျက်နှာဖုံးကိုဝယ်ကာ မျက်နှာတွင် တပ်ထားလိုက်သည်။ ထိုမျက်နှာဖုံးက နော့ခ်၏မျက်နှာတစ်ဝက်အပေါ်ဘက်ခြမ်းကို ဖုံးအုပ်၍ ထားလေသည်။ မာ့ခ်က . . .

"မင်း ဒီမျက်နှာဖုံးကြီးကို တစ်ညလုံး တပ်ထားမှာလား"

ဟု မေးလိုက်သည်။ နော့ခ်က ဒီမျက်နှာဖုံးက သူ့ကိုအကာအကွယ်ပေးထားတာပဲဟု မြင်သည်။ သူ၏နဂိုမျက်နှာကိုသာ ရွာကလူတွေမြင်ရလျှင် ကွယ်လွန်သူနော့ခ်မှန်းသိကာ အားလုံးထွက်ပြေးကုန်ကြလိမ့်မည်။ မာ့ခ်က . . .

"တို့ ဒီလိုတစ်ညလုံး လျှောက်သွားနေလို့ ဖြစ်ပါ့မလား နော့ခ်၊ သားလေး နိုးလာဦးမယ်"

"စိတ်မပူပါနဲ့၊ သားလေးက အိပ်လိုက်ရင် တစ်ညလုံး မနိုးတော့ဘူး၊ ဟိုမှာ ဂျုံရုပ်ကလေးတွေ ဝယ်ရအောင်"

ဂျုံရောင်စုံဖြင့် အရုပ်လုပ်သော ဆိုင်ကလေးဆီသွားကာ ယောက်ျားအရုပ်တစ်ရုပ်နှင့် မိန်းမအရုပ်တစ်ရုပ် ဝယ်လိုက်ကြသည်။





နော့ခ်က အရုပ်ကလေးနှစ်ရုပ်ကိုယူ၍လျက် ကိုင်ထားကာ မိန်းမရုပ်ကလေး၏ လက်တစ်ဖက်ရှည်ထွက်လာအောင် ဆွဲဆန့်၍ ယောက်ျားရုပ်ကို ဖက်ထားလေဟန် ပုခုံးပေါ်တင်လိုက်၏။ မိန်းမရုပ်ကလေး၏လက်တစ်ဖက်မှာ သာမန်ထက်ထူးခြားကာ ရှည်ထွက်နေသော်လည်း မာ့ခ်က ကျေနပ်နေသည်။ သူ့ပုခုံးတစ်ဘက်ပေါ် နော့ခ်ရဲ့လက်တင်ထားသလိုလို။

"ဟောဟိုဆိုင်မှာ အရုပ်သွားပစ်ရအောင်"

စီထပ်ထားသော ဖူးခွံအလွှတ်တွေကို ဘောလုံးနှင့် ပေါက်ရသော ဆိုင်ကလေးရှိနေသည်။ ဘောလုံးနှင့် အကုန်ကျသွားအောင် ပေါက်နိုင်ပါက ကလေးတွေနှစ်သက်သော အမွေးပွရုပ်ကလေးတစ်ရုပ် ဆုချသည်။ မာ့ခ်က ဝင်ကာပေါက်၏။ သို့သော် အလွဲလွဲအချော်ချော်။ နောက်ဆုံး သူ့လက်ထဲမှာ ဘောလုံးတစ်လုံးပဲ ကျန်တော့သည်။ ထိုဘောလုံးကို ပေါက်လိုက်ခိုက် နော့ခ်က . . .

"ဟိုမှာ မီးရှူး၊ မီးပန်းတွေ လွှတ်နေပြီ"

မာ့ခ်ရော ဆိုင်ရှင်လုပ်သူပါ ထိုမီးရှူးမီးပန်းလွှတ်သည့်ဆီ အာရုံရောက်သွားခိုက် နော့ခ်က သူ့လက်တစ်ဖက်ကို ရှည်အောင် ဆန့်ထုတ်ကာ စင်ပေါ်က ဖူးတွေ အကုန်ပြိုလဲကုန်အောင် တွန့်ရမ်း



www.burmeseclassic.com

www.burmeseclassic.com



လိုက်၏။ ဆိုင်ရှင်မှာ ဘာကြောင့်မှန်းမသိဘဲ အံ့ဩကာ ဆုအဖြစ် အရုပ်ကလေးတစ်ရုပ် ပေးလိုက်ရသည်။ သူတို့ ဆက်လျှောက်လာရင်း ရဟတ်ကြီးအနားရောက်လာသောအခါ မှာ့ခ်က . . .

"ရဟတ်တော့ စီးချင်တယ်၊ ဒါပေမယ့် လူတွေများတော့ နေရာရဖို့ မလွယ်ဘူး"

ဟု ငြီးတွားသည်။ နာ့ခ်က မှာ့ခ်မသိအောင် သူ့မျက်နှာပေါ်က မျက်နှာဖုံးကို ချွတ်လိုက်သည်။ နာ့ခ်ကိုမြင်ရသော လူတွေက ထိတ်လန့်ကာ တစထက်တစ ထိုနေရာမှ ထွက်ခွာသွားလေရာ မကြာခင် ရဟတ်ကြီးဘေးတွင် လူတွေရှင်းလင်း၍ သွားလေတော့သည်။ ဒီတော့ ရဟတ်ကြီးပေါ်မှာ သူတို့နှစ်ယောက်တည်း။ ရဟတ်ကြီးက တဖြည်းဖြည်းခြင်း လည်ပတ်နေသည်။

"နာ့ခ် . . . မင်း ငါ့ကိုဘာလို့ ဒီလောက်ချစ်နေရတာလဲ"

ရဟတ်ကြီး၏ ကုလားထိုင်တစ်စုံတွင် သူတို့မျက်နှာချင်းဆိုင်ထိုင်ကာ တစ်ယောက်လက်တစ်ယောက် ကိုင်ထားရင်းမှ မှာ့ခ်က မေးလိုက်ခြင်း ဖြစ်သည်။ နာ့ခ်က ရိုးစင်းစွာ ပြောလိုက်သည်။

"ကျွန်မ ရှင့်ကို မထားခဲ့နိုင်ဘူး မှာ့ခ်"

"ငါလည်း မင်းကို မထားခဲ့နိုင်ပါဘူး နာ့ခ်ရယ်"





"ရှင်က ကျွန်မသေသွားရင်လည်း ဆက်ချစ်နေမှာလား"

"မင်း ဘာလို့ ဒီလိုမေးတာလဲ နာ့ခ်"

"တစ်နေ့ကျရင် သေရမှာပဲကိုး၊ ဒါကြောင့် မေးရတာ"

"မင်း ဘယ်ဘဝရောက်နေနေ ငါချစ်နေမှာပါ နာ့ခ်"

ရဟတ်ကြီးက တစ်ပတ်ပြီးတစ်ပတ် လည်နေ၏။ ရဟတ်ကြီးပေါ်တွင် သူတို့နှစ်ယောက် လက်ချင်းတွဲကာ လိုက်ပါနေကြသည်။ ဒါဟာ သဲသရာကြီးဆိုရင်လည်း ဘာထူးသလဲ။ သူတို့က သံသရာတစ်လျှောက်လုံး ချစ်ကြတဲ့ သံသရာချစ်သူတွေ မဟုတ်လား။

* * * *

ပွဲဈေးတန်းထဲတွင် သူတို့နှစ်ယောက်နောက်က နောက်ယောင်ခံလိုက်ကြည့်နေကြသူများမှာ ရှင်းတို့ ရဲလေးဖော် ဖြစ်သည်။ သူတို့က ဒီနေ့တော့ သရဲမလက်က မှာ့ခ်ကို ရအောင်ကယ်ကြမည်ဟု စိတ်ကူးထားကြ၏။ ပုခ်လက်ထဲတွင် ဆန်မန်းတစ်ထုပ်ပါလာသည်။ နေ့ခင်းက ရွာဘုန်းကြီးကျောင်းသို့သွားကာ တောင်းလာခဲ့ခြင်း ဖြစ်သည်။ ပရိတ်ဖြင့် မွှန်းထားသော ဆန်မန်းကို တစ္ဆေသရဲ



www.burmeseclassic.com

www.burmeseclassic.com



တွေက ကြောက်ကြသည်ဟုဆိုသည်။ တစ္ဆေသရဲကို ဆန်မန်းဖြင့် ပေါက်ပါက နိုင်သည်ဟု သူတို့ယုံကြည်ကြသည်။

နော့ခ်နှင့် မာ့ခ်သည် ပွဲဈေးတွင်တွေ့ရသော သရဲအိမ်ကြီး ထဲသို့ ဝင်သွားကြသည်ကို မြင်သောအခါ တာ့က . . .

"ဘယ်လိုသရဲမလဲဟ . . ."

ဟု မေးငေါ့သည်။

သရဲခြောက်သော အိမ်ကြီးဆိုသည်မှာ အပျော်တမ်းသရဲ အခြောက်ခံချင်သူတွေ ပိုက်ဆံပေးကာ ဝင်ရသော နေရာဖြစ်သည်။ အထဲတွင် သရဲယောင်ဆောင်ထားသော သရဲအတုလူတွေက လာ ကြည့်သူတွေကို အမျိုးမျိုးခြောက်လှန့်ပြကြသည်။ လူတွေက ရင်ထိတ် ဖိုဖွယ် ခံစားရမှုကို ငွေပေးကာ ခံစားကြည့်ကြခြင်း ဖြစ်သည်။ အထဲ တွင် မီးရောင်က မှိန်မှိန်ထွန်းထား၏။ လျှောက်လာသူများကို ကြောက် လန့်စရာကောင်းအောင် ဝတ်ဆင်ထားသော သရဲအတုတွေက ပြူ ပြကာ ခြောက်လှန့်ပြသည်။ ထိုသရဲအတုကိုကြည့်ကာ ကြောက်လန့် သူတွေကလည်း ကြောက်လန့်၏။ မာ့ခ်သည် သရဲကြောက်တတ်သူ ပီပီ၊ နော့ခ်၏ကျောနောက်ဘက်မှ ပုန်းလျှိုးကွယ်လျှိုး လိုက်ပါနေသည်။ သူ့ကို ခြောက်လှန့်သော သရဲတွေကိုလည်း သူကြောက်လန့်ဟန်ပြ





နေ၏။

တစ်နေရာတွင် သရဲလုပ်ကာ ခြောက်နေသော မိန်းမသည် နော့ခ်ကို မြင်ရသောအခါ သရဲတစ်ကောင်ကို တွေ့ရသလို ကြောက် လန့်တကြား အော်ဟစ်ထွက်ပြေးသွားသည်။ ရှင်းတို့ရဲလေးဖေါ် သည် သရဲအိမ်ကြီးထဲဝင်ကာ မာ့ခ်တို့နောက်က နောက်ယောင်ခံလိုက် သည်။ တစ်နေရာရောက်သောအခါ နော့ခ်၏နောက်က လိုက်ပါလာ သော မာ့ခ်ကို နောက်ကနေ၍ ပါးစပ်ပိတ်ကာ ဆွဲခေါ်သွားကြလေ သည်။ နော့ခ်က မာ့ခ်ပါလာသည်ထင်ကာ ရှေ့ကို ဆက်လျှောက်သွား နေသည်။

ရှင်းတို့ရဲလေးဖေါ်က မာ့ခ်၏ပါးစပ်ကိုလည်းကောင်း၊ လက် နှင့် ခြေထောက်ကိုလည်းကောင်း ကြိုးများဖြင့် ချည်နှောင်ကာ သယ် ဆောင်သွားကြသည်။ မာ့ခ်သည် စကားမပြောနိုင်သော်လည်း မျက် လုံးက သူ့သူငယ်ချင်းလေးယောက်ကို မြင်သည်။ ဒီအရူးတွေ ဘာ တွေလုပ်နေကြတာလဲ၊ ရုန်းကန်သော်လည်း မလွတ်။ နော့ခ်ရော ဘယ်မှာလဲ။

တစ်ကိုယ်တည်း လျှောက်သွားနေရာမှ နော့ခ်သည် နောက် လှည့်ကြည့်လိုက်သောအခါတွင်မှ မာ့ခ်ပျောက်ဆုံးနေကြောင်း သိ



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရသည်။ မှာခ်ဘယ်ရောက်သွားတာလဲ။ သရဲဝက်ပါအိမ်ကြီးထဲတွင် ရဲလေးဖေါ်သည် မှာခ်နှင့်အတူ ပိတ်မိနေကြသည်။ သူတို့ထွက်ပေါက်ကို ရှာမတွေ့။ တွေ့ရသော တံခါးတွေကလည်း ဖွင့်မရ။ အားလုံးပိတ်ထားသည်။ အော့က . . .

"ဟေ့ကောင်တွေ မြန်မြန်လုပ်ကြ၊ နှာခ် လိုက်ရှာနေပြီ"

နောက်ကို ပြန်ချောင်းကြည့်ရင်း သတိပေးလိုက်၏။ ဟုတ်သည် . . . နှာခ်က အိမ်ကြီးထဲတွင် တရွေ့ရွေ့ လိုက်ရှာဖွေနေသည်ကို တွေ့ရသည်။

"လုပ်ကြပါကွ နှာခ်နီးလာနေပြီ"

ရှင်းက ကြောက်လန့်တကြား ပြောသည်။ ဒုက္ခဖြစ်တော့မည်။ သူတို့ဘယ်လို ရှောင်ရှားမလဲ။ နောက်တော့ အကြံရလိုက်သည်။ သရဲအတုတွေထံမှ အဝတ်အစားတွေ လုယူကြသည်။ သရဲအတုတွေကို ကြိုးတုတ်ကာ အခန်းတစ်ခုထဲ ထည့်ပိတ်ထားလိုက်၏။ သူတို့က ထိုအဝတ်အစားတွေဝတ်ကာ သရဲအတုတွေယောင် ဆောင်နေလိုက်ကြသည်။ နှာခ်က သူတို့ကို မရိပ်စားမိဘဲ သူတို့ရှေ့က ဖြတ်ကျော်၍သွားသည်။

ဒီတော့မှ မှာခ်ကိုသယ်ကာ သူတို့ထွက်လာခဲ့ကြပြန်သည်။





အခုတော့ ထွက်ပေါက်ကို ရှာမတွေ့။ တစ်ယောက်တစ်ပေါက် စကားများနေကြစဉ် ပါ့ခ်က . . .

"ဟေ့ကောင်တွေ နောက်ကိုလှည့်ကြည့်ဦး"

လှည့်ကြည့်လိုက်တော့ သူတို့ဆီ တရွေ့ရွေ့လျှောက်လာနေသော နှာခ်ကို တွေ့ရ၏။ အားလုံးအလန့်တကြား အော်လိုက်ကြသည်။ အော့က . . .

"ဟေ့ကောင်တော့ . . . မင်းမှာ သရဲကြောက်တဲ့ ဆန်မန်းရှိတယ်ဆို၊ ဆန်မန်းနဲ့ ပေါက်လေ"

ဆိုမှ သတိရလာ၏။ သူက အဝတ်အိတ်ကလေးနှင့် ထုတ်ယူလာသော ဆန်မန်းကိုနှိုက်ကာ ပေါက်မည်ပြင်လိုက်စဉ်မှာပင် အဖေတွင်ရပ်နေသော နှာခ်ထံမှ လက်တစ်ဖက်သည် ရှည်ဆန့်ထွက်လာကာ သူ့ပုခုံးကို ညှစ်ကိုင်လိုက်လေရာ . . .

သူတို့အားလုံး အလန့်တကြား အော်လိုက်ကြသည်။ ပြီးတော့ သရဲအိမ်ကြီး၏ အရံအတားနံရံကို ဖေါက်ထွက်ကာ မှာခ်တို့သယ်ဆောင်၍ တောစပ်ထဲရောက်အောင် ထွက်ပြေးခဲ့လေသည်။

* * * *



www.burmeseclassic.com

www.burmeseclassic.com



တောထဲရောက်သောအခါ သူတို့သယ်ဆောင်လာသော မှာ့ခ်ကိုယ်ကြီးကို မြေကြီးပေါ် ချလိုက်ကြသည်။ မှာ့ခ်ကိုယ်ကြီးကို သယ်ဆောင်ကာ ပြေးလာခဲ့ရသဖြင့် သူတို့လေးယောက်လုံးမှာ မော ဟိုက်ပင်ပန်း၍ နေကြလေသည်။ တောမှာ တိတ်ဆိတ်ငြိမ်သက်နေ ရာ လေတိုးသံကိုပင် ကြားနေရသည်။ လရောင်က သစ်ရွက်များ အကြားမှ ပြောက်တိပြောက်ကြား ထိုးကျနေသည်။ မှာ့ခ်က မြေကြီး ပေါ်တွင် လဲကျနေရာမှ သူ့လက်က ကြိုးတွေကို ရအောင်ဖြည်သည်။ နောက်တော့ ပါးစပ်ထဲတွင် ဆို့ထားသော အဝတ်ကိုဆွဲထုတ်ကာ လဲနေရာက ထ,လိုက်သည်။ သူ တော်တော်ဒေါသဖြစ်နေလေပြီ။ နာ့ခ်ရော ဘယ်မှာကျန်ခဲ့သလဲ။

"ဟေ့ကောင်တွေ မင်းတို့ ငါ့ကို ဘာလို့ဒီလိုလုပ်တာလဲ"

တာ့က . . .

"မင်းကို ကယ်လာတာလေ"

ရှင်းက . . .

"ဟုတ်တယ် . . . မင်းမိန်းမက သေပြီး သရဲဖြစ်နေပြီကွ"

အော့က . . .

"မင်း သူနဲ့ဆက်နေရင် တစ်နေ့တော့ ဂုတ်ချိုးသတ်တာခံရ





လိမ့်မယ်"

မှာ့ခ်က . . .

"မင်းတို့ပြောတာ ငါမယုံဘူး၊ ငါ့မိန်းမက မသေသေးဘူး"

ရှင်းက . . .

"ရှူးတိုးတိုး . . . တို့နောက်ကို နာ့ခ်လိုက်လာလိမ့်မယ်ထင် တယ်၊ သူ့ယောက်ျားကို ခေါ်လာလို့ နာ့ခ်ကတော့ တို့ကိုခွင့်လွှတ်မှာ မဟုတ်ဘူး"

ပါ့ခ်က ပြောလိုက်သည်။ တောထဲတွင် ရုတ်တရက် လေ တွေ တဟူးဟူးတိုက်ခတ်လာရာ . . .

"ဟော . . . နာ့ခ်ရောက်လာပြီနဲ့ တူတယ်"

သူတို့လေးယောက် ကျောချင်းကပ်၍ ဝိုင်းဖွဲ့ကာ အရပ် မျက်နှာကို အကဲခတ်ကြည့်နေစဉ် အနီးကပ်လှုပ်ရှားလိုက်သော အသံတစ်သံကို ကြားလိုက်ရသဖြင့် ရှင်းသည် အနီးဆုံး တာ့အပေါ် ခုန်တက်ကာ ဖက်တွယ်ထားလိုက်၏။

"သေသေချာချာကြည့်ပါဦး၊ ဖွတ်ကြီးပါကွ"

ခြုံပုတ်အောက်က ထွက်လာသော ဖွတ်ကြီးကို တွေ့ရသည်။

"ဟိုမှာ နာ့ခ် . . ."



www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခါတော့ အစာရှာထွက်လာသော ရှဉ့်ကလေးတစ်ကောင်ဖြစ်နေလေသည်။ မှော်က . . .

"နှော် ဘယ်မှာလဲ၊ ငါ့မိန်းမ ဘယ်မှာလဲ"

ပြောရင်း သူတို့အနားက ပြေးထွက်သွားသည်။ မှောင်ထဲမှာဆိုတော့ ခဏချင်းမှာပင် မှော်သည် ပျောက်ကွယ်သွား၏။

"မှော် . . . မှော်ရေ"

သူတို့ မှော်ကို တောထဲမှာ တကြော်ကြော်အော်ရင်း လိုက်ရှာကြသည်။ တာ့က ရပ်လိုက်ကာ . . .

"ဒါ ဘာတွေလဲ၊ လာကြည့်စမ်း"

သူတို့က ရောက်လာကာ တာ့ညွှန်ပြရာကို ကြည့်လိုက်သည်။ ကျနေရာတွင် လရောင်ကြောင့် လင်းချင်းနေသဖြင့် သူတို့ကောင်းစွာမြင်ရသည်။ ခြုံပုတ်တစ်ခု၏ သစ်ရွက်များတွင် စွန်းပေနေသော သွေးများ။ သူတို့စစ်မြေပြင်က ပြန်လာခဲ့သော စစ်သားတွေ၊ ဒီတော့ သွေးကိုတော့ ကောင်းကောင်းသိကြသည်။ ရှင်းက-

"ဒါ . . . မှော်ဆီက ထွက်တဲ့သွေးပဲကွ"

ထိုစဉ် လူတစ်ယောက်၏ ငြီးငြူသံသဲ့သဲ့ကို ကြားရသည်။ အသံက ခြောက်ခြားစရာကောင်းလှသည်။ သူတို့အသံကြားရာဘက်ထွက်လာခဲ့သည်။ တွေ့ပါပြီ။ သစ်ပင်အရိပ်မှ ကင်းလွတ်သော လရောင်ထိုးကျနေသည့် မြက်ခင်းကွက်လပ်အလယ်တွင် မှော်ရှိနေသည်။ သူ့ကိုယ်ကိုကိုင်းကာ ရင်ဘတ်ကိုလက်နဲ့ဖိရင်း ငြီးငြူနေခြင်းဖြစ်သည်။ မှော်၏စစ်မြေပြင်တွင် ရရှိခဲ့သည့် ရင်ဘတ်က သေနတ်ဒဏ်ရာက ကောင်းစွာမပျောက်သေး။ သရဲဟိမ်ကြီးတွင် ရဲလေးပေါ်က သူ့ကိုအတင်းအဓမ္မချုပ်နှောင်ကာ အကြမ်းပတမ်းဆွဲခေါ်လာခဲ့သဖြင့် ဒဏ်ရာက ပြန်ထိခိုက်မိကာ သွေးတွေထွက်နေခြင်း ဖြစ်သည်။

ရုတ်တရက် မိုးရွာတော့မလို မိုးခြိမ်းကာ လျှပ်စီးတွေ ဝင်းပြက်နေသဖြင့် အခြေအနေက ခြောက်ခြားထိတ်လန့်စရာ ဖြစ်နေလေသည်။ သူတို့တစ်တွေ ခေါင်းချင်းဆိုင်ကာ ဆွေးနွေးကြပြန်သည်။

"နှော်သေတာ မဖြစ်နိုင်ဘူး"

တာ့က ပြောသည်။ သူက နှော်ကို သဘောကျနေသူဖြစ်သည်။

"နှော့်က ဒီလောက်ချောတာ သရဲမဖြစ်နိုင်ဘူး"

ရှင်းက . . .

"ငါကိုယ်တိုင် သူ့လက်ကြီးတစ်ဖက် ရှည်ထွက်လာပြီး မြေကြီးပေါ် ကျနေတဲ့ သစ်သီးကိုကောက်တာ မြင်ခဲ့ရတာ"







www.burmeseclassic.com

www.burmeseclassic.com



တာ့က . . .

"ငါစဉ်းစားမိပြီ၊ သူတို့အိမ်နံရံမှာ ထောင်ထားတဲ့ ဝါးလုံးရှည်နဲ့ သံဆူးကို တွေ့တယ်မဟုတ်လား၊ နာ့ခ်က အဲဒီသံဆူးနဲ့ ထိုးကောက်လိုက်တာကို မင်းက မှုံးမှုံးနဲ့ လက်လှမ်းမြင်တာ ဖြစ်ရမယ်"

ဟုပြောလိုက်၏။ အားလုံးက တွေဝေသွားကြသည်။ ပေါ်ခ်က . . .

"နာ့ခ်မသေဘူးဆိုရင် ဘယ်သူသေနေတာလဲ"

တာ့က . . .

"မာ့ခ် . . ."

ဟုပြောလိုက်သည်။

"မင်းတို့ စဉ်းစားကြည့်၊ မာ့ခ်က ရင်ဘတ်ကို သေနတ်မှန်တာ၊ သူ့ရဲ့ဒဏ်ရာက သေလောက်တယ် မဟုတ်လား။ ပြီးတော့ တို့ဒီကိုရောက်စက လှေနဲ့သယ်လာတဲ့ အလောင်းတွေ တွေ့လား"

"တွေ့တယ် . . . စစ်မြေပြင်က ဒဏ်ရာရပြီး ဆုံးသွားတဲ့ အလောင်းတွေကို မြေမြှုပ်ဖို့ သယ်လာတာတဲ့"

ရှင်းက ပြောလိုက်သည်။ တာ့က . . .

"အေး . . . အိမ်နောက်ဖေးက တောစပ်မှာ မြေမြှုပ်ထားတာ မာ့ခ်ရဲ့အလောင်းပဲ ဖြစ်ရမယ်"





အော့က စောဒကတက်သည်။

"နေပါဦး . . . အဲဒီအလောင်းမှာ လက်စွပ်ရှိတယ်ဆို"

တာ့က . . .

"အေး . . . အဲဒါအချက်ပဲ၊ မာ့ခ်ရဲ့လက်မှာ အဲဒီလက်စွပ် ရှိမရှိ တို့သွားကြည့်ရမယ်"

သူတို့လေးယောက်က မာ့ခ်ဆီ ပြန်သွားကြသည်။ မာ့ခ်သည် ရင်ဘတ်က ဒဏ်ရာကို လက်တစ်ဖက်ဖြင့် ဖိထားသည်။ လက်အကြားက သွေးတစ်ချို့ ယိုစိမ့်နေ၏။ သူသည် စစ်မြေပြင်မှာ ကွယ်လွန်ခဲ့သော်လည်း သူ့ဇနီးနှင့်ကလေးကို တွေ့လိုဇောဖြင့် ဝိညာဉ်အဖြစ် ရောက်ရှိနေခြင်း ဖြစ်ပေမည်။

သူတို့လေးယောက်က မာ့ခ်ကို အကဲခတ်ကြည့်သည်။ မာ့ခ်၏လက်တစ်ဖက်တွင် ဘာလက်စွပ်မှ မတွေ့ရ။ ထိုလက်က ညာလက်ဖြစ်သည်။ လူတို့သည် လက်စွပ်ကို ဘယ်လက်တွင်သာ ဝတ်ဆင်လေ့ရှိကြသည်။ သို့သော် ထိုဘယ်လက်ကလည်း ပတ်တီးအထပ်ထပ်စည်းထားသဖြင့် လက်ချောင်းတွေကို မမြင်ရ။ ပေါ်ခ်က မာ့ခ်အနားချဉ်းကပ်သွားကာ ထိုလက်တစ်ဖက်ကိုဆွဲယူ၍ ပတ်တီးတွေ



www.burmeseclassic.com

www.burmeseclassic.com



ကို တလျှာချင်းလျှာကာ ကြည့်သည်။ လက်ပေါ်က ပတ်တီးတွေက တလျှာချင်း ကွာ၍သွားသည်။ အားလုံးက စိတ်ဝင်တစား ရှုစိုက်လျက်။ မှာခ်ကတော့ သူတို့ဘာတွေလုပ်နေမှန်း မသိ။

နောက်ဆုံးတော့ ထိုလက်ပေါ်မှ ပတ်တီးများ ကင်းကွာသွားကာ လက်ချောင်းတွေ လွတ်လွတ်လပ်လပ် ထင်ထင်ရှားရှားပေါ်လာ၏။ ထိုလက်ချောင်းများပေါ်တွင်လည်း ဘာလက်စွပ်မှ ရှိမနေ။ သူတို့ သက်ပြင်းချလိုက်သည်။ ဒါဆို သူတို့ထင်သလို သူတို့သူငယ်ချင်း သေဆုံးသွားပြီဆိုတာ မဟုတ်ဘူးပေါ့။ မှာခ်က မေးလိုက်၏။

"မင်းတို့ ဘာတွေလုပ်နေကြတာလဲ"

"မင်းလက်မှာများ လက်ထပ်လက်စွပ်ရှိသလား ရှာကြည့်တာ"

"ရှိတာပေါ့။ ငါ့လက်က ဒဏ်ရာရထားတော့ မဝတ်နိုင်ဘူးလေ၊ ဒါကြောင့် လည်ပင်းမှာ ကြိုးနဲ့ဆွဲထားတယ်"

သူက လည်ပင်းတွင် ကြိုးနဲ့ဆွဲထားသော လက်စွပ်ကလေးကို ကိုင်ပြလိုက်၏။ ရဲလေးဖော်က ကြည့်လိုက်သည်။ တာ့က . . .

"ဒါ ငါအလောင်းမှာ မြင်ခဲ့ရတဲ့ ကျောက်နီလက်စွပ်ကလေးပဲ"

ဟု မှတ်ချက်ချရင်း နောက်ဆုတ်လိုက်၏။ ဇီပုံစံလက်စွပ်





မျိုး ဆင်တူနှစ်ကွင်းလုပ်ကာ မှာခ်နှင့် နာ့ခ်က ဝတ်ဆင်ထားခြင်းဖြစ်၏။ ရဲလေးဖော်က မှာခ်၏ဘေးမှ တဖြည်းဖြည်း နောက်ဆုတ်သွားသည်။ မှာခ်က ရှေ့တိုးလာကာ . . .

"မင်းတို့ ဘာတွေဖြစ်နေတာလဲ"

ရှင်းက ကြောက်ကြောက်နဲ့နဲ့ဖြင့် . . .

"မှာခ် . . . မင်း . . . မင်းက သေနေပြီ မှာခ်၊ မင်းက သရဲဖြစ်နေပြီ"

ဇော့ကလည်း . . .

"ငါတို့ ဘဝခြင်းခြားနေပြီ သူငယ်ချင်း"

"ငါက ဘာလို့ သေရမှာလဲ၊ မသေလို့ မင်းတို့ရှေ့မှာ ရပ်နေတာပေါ့"

တာ့က တိုးတိုးလေးသံဖြင့် . . .

"ငါ့မှာ စမ်းသပ်စရာ နည်းရှိတယ်"

"ဘာနည်းလဲ"

"ဆန်မန်းနဲ့ ပေါက်ကြည့်မယ်၊ အဲဒီဆန်မန်းဒဏ် မခံနိုင်ရင် ဒါဟာ သူသရဲဖြစ်နေလို့ပဲ"

ပြောပြောဆိုဆို တာ့က သူ့လက်ထဲတွင် ကိုင်ထားသော

www.burmeseclassic.com



အဝတ်အိတ်ထဲကို လက်နှိုက်လိုက်သည်။ ပြီးတော့ လက်ထဲပါလာသော ဆန်မန်းများဖြင့် မှော်ခ၏ရင်ဘတ်အား ပေါက်လိုက်ရာ . . .

"အောင်မယ်လေးဗျ"

မှော်ခက နာကျင်စွာ အော်လိုက်သည်။ ရဲလေးဖေါ်သည် ထိုနေရာမှ ခြေကုန်သုတ်ကာ ထွက်ပြေးသွားကြလေတော့သည်။

* * * *



* ကိုယ်ကို ရှေ့ကိုငိုက်လိုက်ကာ သူ့ခြေထောက်နှစ်ချောင်းကြားမှာ ခေါင်းကိုထား၍ နောက်ကို ငုံ့ကြည့်လိုက်သည်။ လူကြီးတွေပြောတာကတော့ ဒီလိုကြည့်လိုက်လျှင် သရဲဆိုပါက သရဲလို မြင်နိုင်သည်ဟု ဆိုဖူးသည်။

## (၆) သရဲနှင့် တစ်လှေတည်းစီးခြင်း

www.burmeseclassic.com

www.burmeseclassic.com

## (၆) သရဲနှင့် တစ်လှေတည်းစီးခြင်း

ကြောက်လန့်တကြားနှင့်သာ သူတို့ ခြေဦးတည့်ရာ ပြေးသာကြသည်။ ဘယ်ရောက်လို့ ဘယ်ပေါက်နေသည်မသိ။ အတော်ဝေးဝေးရောက်မှ ရပ်လိုက်ကြ၏။ ဒီတော့ သူတို့အားလုံး မောဟိုက်နေကြလေပြီ။ တာ့က . . .

“ဒီကောင် မာ့ခ်က သရဲအစစ်ပဲကွ၊ ဒါကြောင့် ဆန်မန်းနဲ့ပေါက်တော့ အော်တာပေါ့”

“ထိတ်လန့်စရာကွာ၊ ငါတို့က ဒီသရဲနဲ့ တစ်ချိန်လုံးနေခဲ့ကြတာပေါ့ . . . ဟုတ်လား”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် . . . ရှင်း၊ ဒါကြောင့် ငါပြောတာပေါ့၊ နှာခ် ဟာ သရဲမဖြစ်နိုင်ပါဘူးလို့၊ သရဲမဆိုတာ အရုပ်ဆိုးတယ် ကြားဖူး တယ်၊ နှာခ်က ဒီလောက်လှတာ မဟုတ်လား"

သူတို့ တစ်ယောက်တစ်ပေါက် ပြောဆိုနေကြသည်။ မှာ် သည် တောထဲတွင် တစ်ကိုယ်တည်း ကျန်နေခဲ့သည်။ ဒီနေ့မှ သူ့ သူငယ်ချင်းတွေ ဘယ်လိုထူးထူးဆန်းဆန်းတွေ ဖြစ်နေသည်မသိ။ သူ့ကို သရဲအိမ်ကြီးထဲက ကြိုးနဲ့တုတ်ကာ တောထဲခေါ်လာကြ၏။ ဒီတုန်းက သူတို့က နှာခ်က သေနေပြီ။ နှာခ်သရဲဖြစ်နေပြီဟု ပြော သည်။ တောထဲရောက်တော့ တစ်မျိုးပြောင်းသွားပြန်သည်။ မင်း သေပြီ။ မင်းသရဲဖြစ်နေပြီတဲ့။ ပြီးတော့ ဆန်တွေနဲ့ပေါက်ကာ ထွက် ပြေးသွားသည်။ အနီးကပ်ကာ တအားပစ်လိုက်သော တာ့လက်ထဲ က ဆန်တွေ ာ ရင်ပတ်က သွေးသံရဲရဲသူ့အနာပေါ် ထိတော့ အသည်း ဆတ်ဆတ်ခါနာကာ အော်မိသည်။ ဒီတော့ အားလုံးထွက်ပြေးသွား ကြသည်။ ဇော်တော်ကြောင်တဲ့ ကောင်တွေ . . ။ ပြောသေးသည်။ မင်းသေနေပြီတဲ့။ ခက်တာက မှောင်မည်းနေသော တောထဲ၊ သူ ဘယ်လိုပြန်ရမည်မသိ။

တောထဲတစ်နေရာမှာတော့ ရဲလေးဖေါ်က တိုင်ပင်နေကြ





သည်။ ရှင်းက . . .

"ကဲ . . . အခုတော့ ဇာတ်လမ်းပြီးပြီ၊ ငါတို့ ဒီကနေ အိမ် ပြန်ပစ္စည်းတွေသိမ်းပြီး တစ်ခါတည်း ထွက်သွားကြမယ်"

"နေဦး . . . နှာခ်ကိုလည်း တို့နဲ့အတူခေါ်သွားမယ်"

တာ့က ပြော၏။ ပါ့ခ်က . . .

"ဘာသဘောလဲ"

"မင်းတို့ပဲ စဉ်းစားကြည့်၊ ဒီလောက်ချောတဲ့ ကောင်မလေး တို သရဲနဲ့ထားခဲ့မလို့လား"

"ဒါတော့ ဟုတ်တယ်"

ဇော့က ထောက်ခံသည်။ ရှင်းက . . .

"ငါကတော့ သူလည်း မယုံဘူး"

"အချိန်ကြာတယ်ကွာ၊ နှာခ်ကိုခေါ်ပြီး ဒီညပဲ တို့ထွက်ပြေး ကြမယ်"

သူတို့ အိမ်ရှိရာကို ပြန်သည်။ သူတို့ပစ္စည်းပစ္စယကလေး တွေကို ပုဆိုးနှင့်ထုတ်သည်။ ပြီးတော့ နှာခ်ဆီသွားကြ၏။ နှာခ်၏ အိမ်မှာ မှောင်နှင့်မည်းမည်း လူမရှိသလို တိတ်ဆိတ်နေသည်။ တာ့ က . . .



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ . . . နော်ခ်ရေ . . . နော်ခ်"

အတော်ကြာအောင် ခေါ်တော့မှ အိမ်ထဲက နော်ခ်ထွက်လာ၏။ အမှောင်ထဲတွင် ဘာကြောင့် ဒီအမျိုးသမီးက မီးမထွန်းဘဲ နေနေရတာလဲ။ ရှင်းက သူ့ဖာသာတွေးနေခြင်း ဖြစ်သည်။

"နော်ခ် . . . လာပါဦး"

နော်ခ်က အိမ်အောက်ဆင်းလာတော့ တာ့က ပွေ့ဖက်လိုက်၏။

"တွေ့ရတာ ဝမ်းသာပါတယ် နော်ခ်"

"ရှင်တို့ ဘာတွေလုပ်နေတာလဲ၊ မာ့ခ်ရော"

သူတို့ ဘယ်လိုပြောရမှန်းမသိ။ တာ့က . . .

"ရွာသားတွေက နော်ခ်သေပြီလို့ ပြောကြတယ်၊ နော်ခ် သရဲဖြစ်နေတာတဲ့၊ ငါတို့ မယုံဘူး၊ ရှင်း လာဦး"

ကြောက်ကြောက်လန့်လန့်နှင့် အနောက်တွင် ကွယ်ကာရပ်နေသော ရှင်းကို တာ့က ခေါ်လိုက်၏။ ပြီးတော့ ရှင်းရဲ့လက်တစ်ဖက်ကိုဆွဲယူကာ နော်ခ်၏ပုခုံးပေါ် တင်ပေးလိုက်သည်။

"ကဲ . . . မင်းကိုင်ကြည့်စမ်း၊ နော်ခ်ဟာ သရဲနဲ့တူလို့လား"

နော်ခ်၏အဝတ်လွတ်နေသော ပုခုံးသားလေးတွေက နွေး





၍ နေလေသည်။ တာ့က . . .

"ဒါကြောင့် ငါပြောတာပေါ့၊ နော်ခ်မသေပါဘူးလို့"

နော်ခ်က သူတို့ဘာလုပ်နေမှန်းမသိ။ စိတ်မရှည်သလို မေးလိုက်သည်။

"မာ့ခ် ဘယ်မှာလဲ"

သူတို့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြသည်။ မဖြေချင်ရင် မဖြစ်တော့သဖြင့် . . .

"မာ့ခ်တောထဲမှာ ကျန်ခဲ့တယ်၊ နော်ခ် သူဟာ . . . သူဟာ"

"သူ . . . ဘာဖြစ်သလဲ"

"သူက သရဲ နော်ခ်၊ သူက သရဲ"

"ရှင်တို့ မဖြစ်နိုင်တာတွေ မပြောနဲ့"

"ဖြစ်နိုင်တယ် နော်ခ်၊ သူ့ရင်ဘတ်ကို သေနတ်မှန်ထားတာ၊ ဒီဒဏ်ရာက ဘယ်လိုမှ အသက်မရှင်နိုင်ဘူး"

"မဟုတ်ဘူး . . . မာ့ခ်မသေဘူး၊ မာ့ခ် ဘယ်မှာလဲ၊ ကျွန်မကို မာ့ခ်ဆီကိုခေါ်သွား"

နောက်ဆုံးတော့ နော်ခ်ကို ဒီလိုခေါ်၍မရမှန်းသိသဖြင့် ညာခေါ်သွားရန် ဆုံးဖြတ်လိုက်ကြသည်။ သူတို့က နော်ခ်ကို ပြောပေါ်



www.burmeseclassic.com

www.burmeseclassic.com



တက်နိုင်းသည်။ နဲ့ခ်က သူ့ကလေးကို ရင်ခွင်တွင်ပိုက်ကာ လှေ့ပဲ့(နောက်)ပိုင်းက တက်ထိုင်သည်။ သူတို့ လှေကို လှော်ခဲ့ကြသည်။ လှော်တက်က နှစ်ချောင်း။ ပါ့ခ်နှင့် တာ့က လှေလှော်ကြသည်။

ရှေ့ဆုံးက တာ့၊ နောက်တော့ အော့၊ သူ့နောက်က ပါ့ခ်၊ ပါ့ခ်နောက်က ရှင်း။ ရှင်းရဲ့နောက်က အနီးဖြင့်ထုပ်ထားသော ကလေးကို နဲ့ခ်က ချီကာ ပါလာ၏။ ရှင်းက နဲ့ခ်ကို ကျောပေးထိုင်နေရတာ ကျောမလုံသလို ခံစားရသည်။ ကလေးက လှုပ်လည်း မလှုပ်၊ ငိုသံလည်း မကြားရ။ နဲ့ခ်ကတော့ သူ့ကို မှာ့ခ်ရှိရာကို ခေါ်သွားလိမ့်မည်ဟု ယုံကြည်ဟန်ဖြင့် ငြိမ်ငြိမ်သက်သက် လိုက်ပါလာ၏။

"ဟာ . . . ဘာဖြစ်တာလဲ"

ပါ့ခ်က အလန့်တကြား အော်သည်။

"လှေထဲကို ရေတွေဝင်နေတယ်"

တာ့က ကြည့်ကာ ပြောသည်။ ဟုတ်တသည် . . . သူတို့စီးလာသော လှေသည် မနိုင်ဝန်ထမ်းထားရသလို ဖြစ်နေသည်။ လှေနှုတ်ခမ်းနှစ်ဖက်က ရေပေါ်တွင် ထိစပ်နေကာ လှေနည်းနည်းလေး လှုပ်သည်နှင့် ရေတွေဝင်လာ၏။ ဒီအတိုင်းဆို ကြာလျှင် သူတို့လှေ





နစ်မြုပ်သွားနိုင်သည်။

"လှေက ဝန်လေးတာ မခံနိုင်လို့၊ ဝန်တွေ လျှော့ကြ"

အော့က ပြောသည်။

"တို့ပါလာတဲ့ ပစ္စည်းတွေ ပစ်ချလိုက်ကြ"

သူတို့ယူလာတဲ့ အဝတ်ထုပ်တွေ ရေထဲပစ်ချလိုက်သည်။ လှေက ပေါ့မသွား။ ပါ့ခ်က နဲ့ခ်အား . . .

"ခင်ဗျားကလေးကိုရော ရေထဲလွှင့်ပစ်လို့ရမလား"

ဟု မေးလိုက်သေးသည်။ ရှင်းက တော်တော်တုံးတဲ့ကောင်ဟု တွေးသည်။ ဘယ်မိခင်က ကိုယ့်သားသမီးကို လွှင့်ပစ်ပါ့မလဲ။ လှေက လေးလံနေဆဲဖြစ်သည်။

"တို့ ဘာတွေအလေးချိန်လျှော့စရာ ကျန်သေးသလဲ"

တစ်ယောက်က မေးသည်။ တစ်ယောက်က . . .

"သိပြီဟေ့ . . . ဟောဒီ လှော်တက်တွေပဲကွ"

ဟုဆိုကာ လှော်တက်ကို ရေထဲလွှင့်ပစ်လိုက်၏။

"အေး . . . ဟုတ်တယ်"

နောက်တစ်ယောက်ကပါ လွှင့်ပစ်လိုက်သည်။ အခုတော့ လှေသည် တကယ်ပင် ပေါ့ပါးသွားကာ လှေနံရံသည် ရေပေါ်ကို

www.burmeseclassic.com



ပြန်တက်လာ၏။ ဒီတော့ သူတို့အောင်မြင်မှုအတွက် သူတို့လုက်ခုပ် လက်ဝါးတီးကာ ပျော်ကြသည်။

"ဟေး . . . ဟေး"

ချောင်းရိုးတလျှောက် သူတို့အော်သံက လွင့်မျောသွား၏။ သို့သော် ရှင်းက . . .

"ဟေ့ကောင်တွေ နေကြပါဦး၊ မင်းတို့က လှော်တက်တွေ လွှင့်ပစ်လိုက်ပြီဆိုတော့ လှေကို ဘာနဲ့လှော်ကြမှာလဲ"

မေးလိုက်၏။ ဒီတော့မှ ကျန်သုံးယောက် တုန်လှုပ်သွားသည်။ ဟုတ်သားပဲ။ သူတို့လွှင့်ပစ်လိုက်သော လှော်တက်တွေကို ကြည့်တော့ ရေစီးနှင့် အဝေးကို မျောပါစပြုနေလေပြီ။ ဘယ်လိုမှ ကောက်လို့မမီနိုင်တော့။ ထို့ထက်ဆိုးတာက လှေကလည်း ရေစီးနှင့်အတူ နောက်ကို တဖြည်းဖြည်း မျောပါနေခြင်း ဖြစ်သည်။ လှော်တက်မရှိသဖြင့် လိုရာရောင်အောင်လည်း မလှော်နိုင်တော့။ ရှင်းက-

"မင်းတို့ တော်တော်အသိဉာဏ်နည်းတဲ့ ကောင်တွေ"

ထိုစဉ်မှာပင် နှာခ်ဟု အော်ခေါ်သော အသံကို ကြားလိုက်ရ၏။ ကြည့်လိုက်တော့ ကမ်းပေါ်တွင် ရပ်နေသော မှာခ်။ မှာခ်သည် ခြေဦးတည့်ရာ လျှောက်သွားရင်း သူတို့အော်ဟစ်သံကြားရသဖြင့် ချောင်းစပ်ကို ရောက်လာခဲ့ခြင်း ဖြစ်သည်။ မှာခ်ကို မြင်လိုက်ရသော အခါ ရဲလေးဖေါ်မှာ လန့်ဖြန့်၍သွားကြသည်။ နှာခ်ကလည်း မှာခ်ကိုမြင်သဖြင့် လှမ်းခေါ်လိုက်သည်။





"မှာခ် . . ."

"နှာခ် . . ."

သူတို့က တကြော်ကြော်ခေါ်နေသည်။ ရဲလေးဖေါ်ကတော့ ဘယ်ထွက်ပြေးရမှန်းမသိ။ အခုတော့ ပိုဆိုးသည်မှာ မှာခ်က သူတို့ရှိရာ ရေထဲသို့ဆင်းကာ လျှောက်လာသည်။ အဲဒါမှ ခက်သည်။ လှေပေါ်က ဆင်းပြေးလို့လည်း မရ။ လှေပေါ်မှာက ပြေးစရာမြေကလည်း မရှိ။

"မှာခ်ရေ . . . မင်း ငါတို့နဲ့ . . . မင်းငါတို့နဲ့ ဘဝခြားနေပြီ"

"မှာခ်ရေ . . . မင်းက သေပြီးသားလူ"

"မှာခ်ရေ . . . မင်းက သရဲ . . . သရဲ"

မှာခ်က လှေနှင့် တစ်စထက်တစ နီးလာချိန်မှာပင် ရုတ်တရက် ရေနစ်သွား၏။ မှာခ်က ရေထဲမှာ ယက်ကန်ယက်ကန် ဖြစ်နေရာမှ မြုပ်သွားသည်။ နောက်ပေါ်လာပြန်သည်။ နှာခ်က . . .

"မှာခ်ကို ကယ်ကြပါ။ သူ ရေမကူးတတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ရှင်းက . . .

"ဟုတ်တယ်ကွ၊ သရဲဆိုတာ ရေမနစ်ဘူး၊ မင်းတို့ မကယ်မှ မှော်တကယ်သေနေမယ်"

ဒီတစ်ခါ လှေနားကပ်ပေါ်လာသော မှော်ကို သူတို့ လှေပေါ် ဆွဲတင်လိုက်ကြ၏။ မှော်သည် လှေပေါ်တွင် ရေမွန်းသည့်ဒဏ်ကို အတော်ပင် ခံနေရသည်။ အတော်ကြာမှ တာ့တို့ကို ဒေါသဖြင့် ကြည့်ကာ . . .

"မင်းတို့ ဘယ်လိုလုပ်ကြတာလဲ၊ အခု နော်ကိုခေါ်ပြီး ဘယ်သွားမလို့လဲ"

ဟုမေးတော့ လေးယောက်လုံး အဖြေခက်နေသည်။ ရှင်းက . . .

"မင်း . . . မင်းက သရဲမဟုတ်ပါဘူးနော်"

"ဘယ်လိုဖြစ်နေကြတာလဲ၊ ပထမတော့ နော်ကို သရဲလို့ စွပ်စွဲတယ်၊ အခုတော့ ငါ့ကို သရဲလို့ စွပ်စွဲနေပြန်ပြီ"

မှော်က စိတ်ပျက်သံဖြင့် ပြော၏။ ပါ့ခ်က . . .

"မင်းက သရဲမဟုတ်ဘူးဆိုရင် ဆန်မန်းနဲ့ ပေါက်တုန်းက ဘာလို့အော်တာလဲ"





"ငါ့ရင်ဘတ်က ဒဏ်ရာကို လာထိတာကိုးကွ၊ နာတော့ ငါအော်တာပေါ့"

ဒီတော့မှ သူတို့သဘောပေါက်၍သွားသည်။ တာ့က . . .

"လှေကို ကြည့်စမ်းဟော့၊ ရေထဲပြန်နစ်ဝင်နေပြန်ပြီ၊ လူသာ မန်တွေချည်းဆို ဒီလိုမဖြစ်နိုင်ဘူး၊ ဒီလှေပေါ်မှာ သရဲတစ်ကောင်တော့ ပါကိုပါနေရမယ်"

ရှင်းက . . .

"မင်းပြောမှ ငါကြောက်လာပြီ၊ လှေပေါ်မှာ တို့ခြောက်ယောက်ပဲ ရှိတာကို"

ဇော့က . . .

"အေး . . အဲဒီခြောက်ယောက်ထဲက တစ်ယောက်ယောက်က သရဲဖြစ်မှာပေါ့"

ဟုဆိုသည်။

ရှင်းက . . .

"မှော်ကလည်း သရဲမဟုတ်ဘူး၊ နော်ကလည်း သရဲမဟုတ်ဘူးဆိုရင် သရဲက ဘယ်သူလဲ"

သူတို့ တစ်ဦးနဲ့တစ်ဦး မယုံသင်္ကာမျက်လုံးများဖြင့် ကြည့်



www.burmeseclassic.com

www.burmeseclassic.com



ကြသည်။ ထိုစဉ်မှာပင် တာ့က လှေနံရံကို ကိုင်ထားသော အေ့၏ လက်ကို မြင်သွားသည်။ အေ့၏လက်တွင် ကျောက်နီလက်စွပ်ဝတ် ထားတာ တွေ့လိုက်ရ၏။ ထိုကျောက်နီလက်စွပ်မှာ မြေတွင်မြှုတ် ထားသော အလောင်း၏လက်တွင် တွေ့ခဲ့ရသော လက်စွပ်ပင် ဖြစ် သည်။ ထို့ကြောင့် တာ့က . . .

"ငါတွေ့ပြီဟေ့၊ သရဲကို တွေ့ပြီ၊ သရဲက ဒီကောင်ပဲကွ"

ဟုပြောကာ အေ့ကို ရေထဲသို့ လှေပေါ်မှ ကန်ချလိုက်လေ သည်။ ရှင်းက . . .

"မင်းက ဘာလို့ ဒီလိုပြောနိုင်ရတာလဲ"

"ပြောနိုင်တာပေါ့၊ အလောင်းမှာတွေ့တဲ့ ကျောက်နီလက်စွပ် ကို ဒီကောင်ဝတ်ထားတယ်ကွ"

ရေထဲတွင် အေ့က ဝူးဝူးဝါးဝါးလုပ်ကာ ရုန်းကန်ကူးနေ သည်။ ပါ့ခ်က . . .

"လှေကို လှော်ကြဟေ့ . . . လှော်ကြ"

"ဘယ်မှာလဲ လှော်တက်"

ထိုအခိုက်မှာပင် နာ့ခ်က လှော်တက်ကို တာ့အား လှမ်းပေး လိုက်၏။ တာ့က ဝမ်းသာအားရယူပြီးမှ တစ်ခုကို စဉ်းစားမိသွား





သည်။ နာ့ခ်က လှေ၏နောက်ဆုံးမှာ၊ သူက ရှေ့ဆုံးမှာ။ လှေက တော်တော်ရှည်သည်။ ဘယ်လိုလုပ် လှမ်းပေးရသနည်း။ ပြီးတော့ သူရေထဲကို လှမ်းကြည့်လိုက်သည်။ သူတို့ လှေလှော်တက်တွေကို ရေထဲလွှင့်ပစ်ခဲ့ရာ လှော်တက်တွေက ရေစီးအတိုင်း မျောပါသွား သည်။ အဝေးကြီးက လှော်တက်တွေကို နာ့ခ်က ဘယ်လိုလုပ် ကောက် နိုင်ခဲ့သနည်း။

တာ့က လှေဦးထိပ်တွင် ထ,ရပ်လိုက်သည်။ ပြီးတော့ ကိုယ် ကို ရှေ့သို့ငိုက်လိုက်ကာ သူ့ခြေထောက်နှစ်ချောင်းကြားမှာ ခေါင်းကို ထား၍ နောက်ကို ငုံ့ကြည့်လိုက်သည်။ လူကြီးတွေပြောတာကတော့ ဒီလိုကြည့်လိုက်လျှင် သရဲဆိုပါက သရဲလို့မြင်နိုင်သည်ဟု ဆိုဖူးသည်။ သို့သော် နာ့ခ်က နောက်ဆုံးပဲ့ပိုင်းတွင် ထိုင်နေသဖြင့် ရှေ့ကလူတွေ တွယ်နေကာ ကောင်းကောင်းမမြင်ရ။

"ပါ့ခ် . . . ဘေးကိုတိမ်း"

တာ့က ပြောတော့ ပါ့ခ်က ဘယ်ကိုတိမ်းလိုက်၏။

"မာ့ခ် . . . ဘေးကိုတိမ်း"

မာ့ခ်က ညာကိုတိမ်းလိုက်သည်။

"ရှင်း . . . ဘေးကိုတိမ်း"



www.burmeseclassic.com

www.burmeseclassic.com



ရှင်းက တိမ်းလိုက်သည်။ သို့သော် ပါ့ခ်က ပြန်မတ်လိုက်သဖြင့် နာ့ခ်ကို ပြန်ကွယ်သွားပြန်သည်။

"ပါ့ခ် . . . ဖယ်လေကွာ"

ပါ့ခ်က ဖယ်တော့၊ မာ့ခ်က ပြန်မတ်ပြန်၏။ တာ့က . . .

"မင်းတို့ကြောင့် စိတ်ညစ်ပါတယ်၊ ကဲ . . . ဒီတစ်ခါ ငါတို့ ဖြိုင်တူဆိုကြမယ်၊ ဗြောင်တောင်တောင် ပေပေ့ဂျိဆိုရင် ရှေ့ကို အားလုံးပြိုင်တူကုန်းလိုက်ကြ"

သို့သော် သူတို့ဆိုနေချိန်မှာပင် နာ့ခ်၏လက်တစ်ဖက်က ရှေ့ထွက်လာကာ တခြားသူများ၏ပုခုံးများကို ဖြတ်ကျော်၍ တာ့၏ ပုခုံးပေါ်သို့ လက်တင်လိုက်သောအခါ . . .

"သရဲဟေ့ . . . သရဲ၊ နာ့ခ်က သရဲပဲ"

ဟု တာ့က စတင်အော်ကာ ရေထဲခုန်ချလိုက်တော့သည်။ သူ့နောက်က မာ့ခ်နှင့် ပါ့ခ်တို့ကလည်း မရှေးမနှောင်းပင် ခုန်ချကာ ကမ်းကို အလုအယက်ကူးကာ ပြေးကြတော့သည်။ နာ့ခ်က သရဲပဲ။ နာ့ခ်လက်တစ်ဖက်က ရှည်ထွက်လာကာ သူတို့ပုခုံးပေါ်က ဖြတ်သွားတာ သူတို့မြင်လိုက်ရတာပဲ။

သူတို့သုံးယောက် ကမ်းကိုရောက်တော့မှ လှေဆီပြန်ကြည့်





လိုက်သည်။ လှေပေါ်တွင် နာ့ခ်နှင့် ကျန်နေခဲ့သူက ရှင်းဖြစ်နေသည်။ ရှင်းက နောက်သို့လှည့်လည်း မကြည့်ရဲ၊ အကြောက်လွန်ကာ ကျောက်ရုပ်တစ်ရုပ်လို ငူငူကြီး ထိုင်နေလေသည်။

ကမ်းပေါ်မှ လူတွေက လှမ်းအော်၏။

"ရှင်း . . ဘာလုပ်နေတာလဲ"

"ရေထဲခုန်ချပြီး ကူးလာခဲ့လေ"

"မြန်မြန်လုပ် . . . မြန်မြန်လုပ်"

သို့သော် ရှင်းက . . .

"ဟေ့ကောင်တွေ . . . ငါရေမကူးတတ်ဘူးကွ"

ဟု ငိုသံပါကြီးနှင့် ပြောလေသည်။ ရှင်းကို ဘယ်သူက သွားခေါ်မည်နည်း။ ဤအတိုင်းဆို ရှင်းရဲ့အဖြစ်က သနားစရာ။ သို့သော် ရေထဲခုန်မချရဲသော ရှင်းသည် နောက်မှ နာ့ခ်လက်နှစ်ဖက်က ရှည်ထွက်လာကာ သူ့ပါးနှစ်ဖက်ကို ဖျစ်ညှစ်လိုက်သောအခါတွင်မူ . . .

လှေပေါ်တွင် ဆက်မနေရဲတော့ဘဲ ရေထဲခုန်ချကာ ကမ်းဘက်ကူးပြေးလာခဲ့လေသည်။ အကြောက်လွန်ကာ ဟိုယက်ဒီယက် ယက်ရင်း သူကမ်းပေါ်ရောက်လာ၏။ မာ့ခ်ကတော့ . .



www.burmeseclassic.com

www.burmeseclassic.com



"ငါ . . . နာ့ခ်ဆီသွားမယ်"

ဟု အတင်းလုပ်နေသဖြင့် မာ့ခ်ကို မေ့နေအောင် ရိုက်လိုက်ကာ သယ်မ၍ ထိုချောင်းဘေးမှ ဘုန်းကြီးကျောင်းရောက်အောင် ထွက်ပြေးလာခဲ့ကြလေတော့သည်။

* * * *



* ဘုန်းကြီးက ပါးစပ်မှ တစ်စုံတစ်ခုကို ရွတ်ဖတ်သရဇ္ဈာယ်နေသည်။ ဂါထာတစ်ပုဒ်ပုဒ်ဖြစ်မည်။ ကျန်လူတွေက ကြောက်ကြောက်လန့်လန့်ဖြင့် ပိတ်ထားသော ကျောင်းတံခါးကို မျက်တောင်မခတ် ငေးကြည့်နေစဉ် . . .

## (၇) ဘာစခြင်းခြားလဲ ချစ်နေမယ်

www.burmeseclassic.com

www.burmeseclassic.com

# (၇) ဘာဝခြင်းခြားလဲ ချစ်နေမယ်

ညက မှောင်မှောင်။

မိုးက စိတ်ပျက်စရာကောင်းလောက်အောင်ပင် ဟာဖြောက်ဖြောက် စွေရွာနေသည်။ ရွာပြင်တွင်ရှိသော ဘုန်းကြီးကျောင်း၊ ဖါးနောင်းရွာကလေးတွင်ရှိသည့် တစ်ခုတည်းသော ဘုန်းကြီးကျောင်း။ တစ်ရွာလုံးပင် သာရေးနာရေးကိစ္စမှန်သမျှ ဤကျောင်းကိုပင် အားကိုးနေရ၏။ ဒီနေ့ညတော့ ကျောင်းထိုင်ဆရာတော် မရှိ။ သူ့လက်ထောက်ပဥ္စင်းပျိုလေးတစ်ပါးသာ ရှိ၏။ သူကလည်း ရဟန်းဘဝကူးပြောင်းလာတာ မကြာလှသေး။



www.burmeseclassic.com

www.burmeseclassic.com



သတိလစ်နေသော မာ့ခ်၏ခန္ဓာကိုယ်ကြီးကို သယ်ဆောင်ကာ ရဲလေးဖော်ရောက်လာသည်။ ပြီးတော့ အကြောင်းစုံ ပြောပြလိုက်၏။ တကယ်တော့ နာ့ခ်အကြောင်းက တစ်ရွာလုံးသိပြီးသားအကြောင်းသာ ဖြစ်သည်။

"သူတို့က အရင်က လင်မယားဆိုပေမယ့် အခုတော့ ဘဝတွေခြားကုန်ပါပြီ၊ ဒီတော့ ဒီနှစ်ယောက်ကို ရအောင်ခွဲပေးပါ ဘုရား"

"အင်း . . . သူ့ယောက်ျား ဒီမှာရှိနေတာသိရင် နာ့ခ်လိုက်လာမှာ ကျိန်းသေတယ်"

ဦးဇင်းစကားကြောင့် အားလုံးလန့်သွားကြသည်။

"ကယ်ပါဦး ဘုရား"

"မပူနဲ့၊ ကျောင်းထိုင်ဆရာတော် မရှိပေမယ့် ပရိတ်ကြီးတွေ ပရိတ်ရေတွေ၊ ဆန်မန်းပေါက်ပေါက်တွေ ရှိသားပဲ၊ ဒါတွေနဲ့ သူမလာခင် အကာအကွယ်တွေ အရင်လုပ်ထားရမယ်၊ မင်းတို့က ငါ့ကို ကူညီကြ . . ."

ဦးဇင်းက ပရိတ်ကြီးဖြင့် အတန်ငယ်ကျယ်ဝန်းသော လေးထောင့်စပ်စပ် အကျယ်အဝန်းတစ်ခုကို ဖွဲ့သည်။ အထဲတွင် သတိလစ်မေ့နေဆဲဖြစ်သော မာ့ခ်နှင့် ရဲလေးဖော် ရယ်၊ ဦးဇင်းရယ်က ထာ





ဝန်ယူသည်။ အနီးတွင် ဆန်မန်းခွက်တစ်ခွက်ရှိသည်။ ပရိတ်ရေတွေထည့်ထားသော ဖလားကိုတော့ ပါ့ခ်က ကိုင်ကာ ထား၏။ ပြီးတော့ ပတ်ပတ်လည်တွင် တစ်ပေလောက်အရှည်ရှိသော ဖယောင်းတိုင်တွေ ထွန်းထားတော့ အခန်းမှာ အတော်ပင် လင်းထိန်နေ၏။ တစ္ဆေသရဲ နာနာဘာဝဆိုတာက အလင်းရောင်ကို ကြောက်ကြသည် မဟုတ်လား။ ဘုန်းကြီးက ပါးစပ်မှ တစ်စုံတစ်ခုကို ရွတ်ဖတ်သရဇ္ဈာယ်နေသည်။ ဂါထာတစ်ပုဒ်ပုဒ်ဖြစ်မည်။ ကျန်လူတွေက ကြောက်ကြောက်လန့်လန့်ဖြင့် ပိတ်ထားသော ကျောင်းတံခါးကို မျက်တောင်မခတ်ငေးကြည့်နေစဉ် . . .

ဝုန်းဗိုင်းမြည်ကာ လျှပ်စီးဝင်းပြက်သွား၏။ တစ်ချိန်တည်း ကျောင်းတံခါးက အလိုအလျောက် ပွင့်၍သွားသည်။ လျှပ်စီးပြက်လိုက်သောအခါ ရပ်နေသော နာ့ခ်ကို မြင်လိုက်ရသဖြင့် အားလုံးထိတ်လန့်သွားကာ တစ်ယောက်နှင့်တစ်ယောက် တိုးဝှေ့နေကြ၏။ ထိုစဉ်မှာပင် မာ့ခ်က သတိရလာသည်။ ပထမတော့ သူဘယ်ရောက်နေမှန်းမသိ။ နောက်တော့ သဘောပေါက်၍သွားသည်။

"နာ့ခ် . . ."

သူက နာ့ခ်ကို လှမ်းမြင်ကာ အော်လိုက်၏။ သူသာ နာ့ခ်ဆီ

www.burmeseclassic.com



ထသွားမည်လုပ်တာကို ကျန်လူတွေက ဆွဲထားရသည်။ သူသာ ပရိတ်ကြိုးစည်းအပြင်ထွက်လိုက်လျှင် စည်းပေါက်၍သွားမည်။ ထိုသို့စည်းပေါက်လျှင် သရဲမကို မတားဆီးနိုင်ဘဲ လုပ်သမျှခံရတော့မည်။ အခုတော့ အရံအတားပရိတ်စည်းအတွင်းသို့ သရဲမက မဝင်ရောက်နိုင်။ သူတို့ ဤအထဲတွင် နေသရွေ့ လုံခြုံနေမည်။ သို့သော် သရဲမက အပြင်မှ တဖွဖွခေါ်နေသော အသံကို မှာခ်က ဘယ်လောက်ထိအောင် တောင့်ခံနိုင်ပါမည်နည်း။

"မှာခ် . . . မှာခ်"

သရဲမ၏အသံက ကြားရသူ သနားစဖွယ်ဖြစ်သည်။ ပြီးတော့ ရှေ့သို့လည်း တဖြည်းဖြည်းတိုးလာရာ ပရိတ်ကြိုးစည်းအနီးရောက်၍လာသည်။ သရဲမနီးကပ်လာလေ ရှင်းတို့လူစုက ကြောက်လန့်ကာ ရုတ်ရုတ်သဲသဲဖြစ်လေ၏။ ဒီကြားထဲ နှာခ်ဆီ အတင်းသွားမည်လုပ်နေသော မှာခ်ကိုလည်း ဆွဲထားရသေးသည်။

"ပရိတ်ရေ ပေးစမ်း"

ဘုန်းကြီးက ပြောသဖြင့် ပါ်ခ်က ပရိတ်ရေထည့်ထားသော ဖလားကို မြှောက်ပေးလိုက်သည်။ ဘုန်းကြီးက သူ့လက်ထဲတွင် ကိုင်ထားသော သစ်ရွက်စိမ်းအခက်တစ်ခက်ကို ဖလားထဲနှစ်လိုက်ပြီး





နှာခ်ရှိရာသို့ တောက်ခါပစ်လိုက်သည်။ ပရိတ်ရေက သူ့အသားကို သွားထိတော့ ပူလောင်နာကျင်မှုကြောင့် နှာခ်က အော်လိုက်၏။ နှာခ်အော်သံကိုကြားတော့ မှာခ်က မချိအောင် ရင်နာသွားပြန်သည်။

"နှာခ် . . . နှာခ် . . . နှာခ်ကို နာကျင်အောင် မလုပ်ပါနဲ့"

မှာခ်က အတင်းရုန်းကာ နှာခ်ဆီပြေးသွားမည်ပြု၏။ ကျန်လူတွေက ဆွဲထား၏။ သူတို့ လုံးထွေးရုန်းကန်နေရင်း ဖလားကိုင်ထားသော ပါ်ခ်ကို တိုက်မိသွားသည်။ ပါ်ခ်လက်ထဲက ဖလားလွတ်ကျကာ ပရိတ်ရေတွေ အကုန်မှောက်ကုန်သည်။ ဖလားထဲတွင် တစ်စက်မှ မကျန်တော့။

ပရိတ်ရေတွေ မရှိတော့မှန်းသိသောအခါ နှာခ်က ရှေ့တိုးလာရင်း ခေါ်သည်။

"မှာခ် . . . မှာခ်"

ဘုန်းကြီးက . . .

"နှာခ်မလာနဲ့၊ မင်းတို့ ဘဝခြင်းခြားနေပြီ"

သို့သော် တားမရ။ ဒီတော့ . . .

"ငါ့ကို ဆန်မန်းပေးစမ်း"

ဟုတောင်း၏။ သို့သော် ကြည့်လိုက်တော့ ဆန်မန်းခွက်က



www.burmeseclassic.com

www.burmeseclassic.com



မှောက်နေလေသည်။ ရှင်းက ထိုဆန်တွေကို စာကလေးတွေကို ကျွေးနေတာတွေ့ရ၏။ တာ့က စိတ်တိုတိုဖြင့် ဆောင့်ကန်လိုက်သည်။ ရှေ့တွင် နာ့ခ်က ရုတ်တရက်ပျောက်သွား၏။ သူတို့ ကိုးကြည့်ကြောင်ကြည့် ကျောင်းထဲ လှည့်ပတ်ကြည့်ကြသည်။ အရိပ်အယောင်မျှ မတွေ့ရတော့ ပို၍ကြောက်လန့်လာ၏။ ထိုစဉ် ပါ့ခ်၏ခေါင်းပေါ်သို့ ရေတစက်စက်ကျလာ၏။ ပါ့ခ် အကြီးအကျယ် ကြောက်လန့်သွားသည်။ ဘာပဲဖြစ်ဖြစ် သူတို့ခေါင်းပေါ် မျက်နှာကျက်မှာ နာ့ခ်ရောက်နေတာ သေချာသည်။ ခုန သူ့ကိုယ်တွင် ရေတွေရွှဲစိုနေတာ တွေ့လိုက်ရသည်။ ဒီရေတွေက နာ့ခ်၏ခန္ဓာကိုယ်မှ ယိုစီးကျလာသော သွေးများသာ ဖြစ်ရမည်။ ပါ့ခ်က ကြောက်ကြောက်လန့်လန့်နှင့် အပေါ်ကို မော့မကြည့်ရဲဘဲ လက်ညှိုးထိုးကာ . . .

"အပေါ်မှာ သရဲ . . . သရဲရှိတယ်"

ဟုပြောပြသော်လည်း ဘုန်းကြီးက . . .

"ဘယ်က သရဲရှိရမှာလဲ၊ ခေါင်က မလုံဘူး၊ ဒီလိုပဲ မိုးရွာရင် မိုးယိုတတ်တယ်"

ဟုပြောလေ၏။ ရှင်းက မော့ကြည့်လိုက်တော့ အမှန်ပင် ပါ့ခ်အပေါ်တည့်တည့် မျက်နှာကျက်က မိုးယိုနေ၏။ ရှင်းက မကျေ





မနပ်ဖြစ်ကာ . . .

"ပါ့ခ် . . . မင်းတော်တော် အကြောက်ကြီးတဲ့ကောင်ပဲ"

ဟု အပြစ်တင်လိုက်၏။ လျှပ်စီးတွေ ဝင်းပြက်ကာ မိုးခြိမ်းသံတွေပေး၍ မိုးကရွာနေ၏။ ပြတင်းပေါက်တွေက အရှိန်ဖြင့် ဖွင့်လိုက်ပိတ်လိုက်ဖြစ်နေတာ မြင်ရကြားရတာက ကြောက်လန့်စရာ။ ထိုအခိုက် သူတို့ပတ်ပတ်လည်တွင် ထွန်းထားသည့် ဖယောင်းတိုင်တွေက ငြိမ်း၍သွားသည်။ သူတို့အားလုံး အမှောင်ထုထဲတွင် နစ်မြုပ်သွားသည်။

အမှောင်ထုက သူတို့ကြောက်စိတ်ကို ပို၍တွန်းအားပေးသည်။ သူတို့မှောင်ထဲတွင် ကြောက်လန့်ကာ တစ်ယောက်နှင့်တစ်ယောက် တိုးဝှေ့ကန်ကြောက်နေရာမှ . . .

ရုတ်တရက် မီးတွေပြန်လင်းလာသည်။ ဒီတော့ သူတို့တွေ့ရတာက ဘုန်းကြီးသည် ဘယ်သူက တွန်းထိုးကန်ကြောက်မိသည် မသိ၊ ပရိတ်ကြိုးစည်းအပြင်တွင် မှောက်လျက်လဲကျနေခြင်း ဖြစ်သည်။ သူတို့လေးယောက်၏ ခန္ဓာကိုယ်မှာတော့ ပရိတ်ကြိုးက အထပ်ထပ်ရစ်ပတ် တုတ်နှောင်ထားလေသည်။ ဘုန်းကြီးက လဲကျနေရာမှ ထကာ . . .



www.burmeseclassic.com

www.burmeseclassic.com



"ကဲ . . . ငါတော့ သွားတော့မယ်၊ မင်းတို့ထိုက်နဲ့ မင်းတို့ကံ နေခဲ့ကြပေတော့"

ဟုပြောကာ ပျောက်ကွယ်၍သွားသည်။ ထိုအခိုက် ပါ့ခ်ခေါင်းပေါ်ကို ရေတစက်စက်ကျလာရာ ပါ့ခ်က စိတ်မရှည်ဘဲ . . .

"မိုးကတောင် တိတ်သွားပြီ၊ ခေါင်မိုးက ခုချိန်ထိ မိုးရွာနေတုန်းလား"

ဟု ငြီးငြူလိုက်၏။ ရှင်းက ခေါင်းပေါ် မော့ကြည့်လိုက်သောအခါ ပါ့ခ်အပေါ် တည့်တည့် မျက်နှာကျက်၌ ဇောက်ထိုးရပ်နေသော နှ့ခ်ကို တွေ့ရသည်။ နှ့ခ်၏ဆံပင်ရှည်များဆီမှ ရေတစက်စက် စီးကျနေခြင်းသာ ဖြစ်သည်။ ရှင်းက တိုးတိုးလေသံဖြင့် . . .

"ပါ့ခ် . . . ဒါမိုးယိုတာ မဟုတ်ဘူး"

"မိုးယိုတာ မဟုတ်ရင် ဘာဖြစ်ရမှာလဲ"

ဟု ပြောပြောဆိုဆို ပါ့ခ်က ခေါင်းမော့ကြည့်သောအခါ ဇောက်ထိုးရပ်နေသော နှ့ခ်ကို မြင်သဖြင့် ကြောက်လန့်တကြား အော်ဟစ်ရင်း ရုန်းပြေးလေသည်။ လေးယောက်လုံး ကြိုးနှင့်တွဲချည်ထားသဖြင့် အများဆွဲခေါ်ရာသို့ သူပါသွားပြန်သည်၊ သူတို့လေးယောက်လုံးသည် အနောက်ဘက်တံခါးပေါက်သို့ ရောက်သွား၏။





ဆိုစဉ် နောက်ဘက်တံခါးပေါက်က ပွင့်၍ တံခါးဝတွင် အေ့ရပ်နေသည်ကို လျှပ်ရောင်ဖြင့် မြင်လိုက်ရသောအခါ သူတို့သည် အေ့နှင့်ဝေးရာသို့ ဆုတ်ခွာပြေးရင်း နှ့ခ်နားရောက်သွားပြန်သည်။ နှ့ခ်ကိုမြင်ရသောအခါ နောက်ဆုတ်ပြေးရင်း အေ့အနီးသို့ ရောက်သွားပြန်သည်။ အေ့ဆိုတာက လှေပေါ်တွင် သူတို့ရေထဲတွန်းချခဲ့သူ။ အခုဘာကြောင့် ဒီရောက်လာသနည်း။ တော့က . . .

"အေ့ရေ . . . အမျှ အမျှ အမျှ တို့ကောင်းမှုတွေကို အမျှသပါတယ်"

ရှင်းက . . .

"အေ့ . . . မင်းက သေနေပြီ၊ မင်းက သရဲ တို့နဲ့ မတူတော့ဘူး ဘဝခြင်းခြားနေပြီ၊ တို့နားမလာပါနဲ့"

ဟု တောင်းပန်စကားကို ကြားသောအခါ အေ့က ဒေါသသံဖြင့် . . .

"ဘာသရဲလဲ၊ မင်းတို့ ငါ့ကို ဘာကြောင့် ရေထဲတွန်းချပြီး ထွက်ပြေးကြတာလဲ၊ အဲဒါ ရှင်းမပြနိုင်ရင် အသေပဲ"

"မင်းက သေနေပြီ၊ သရဲဖြစ်နေပြီလေ"

"ငါမသေဘူး၊ သရဲလည်း မဟုတ်ဘူး"

www.burmeseclassic.com



ဟုပြောတော့ ရှင်းက . . .

"ဒါဆို မင်းဆီမှာ နှာခ်ရဲ့လက်စွပ်က ဘာလို့ရှိနေတာလဲ"

"ဒါက ငါလောဘတက်လို့ပါ။ သူ့အလောင်းကနေ မင်းတို့ မသိအောင် ဖြုတ်ယူထားမိတာ"

အော့က ရှင်းပြ၏။

"မင်းတကယ် မသေဘူး"

"မသေပါဘူးဆို"

"မသေရင် တို့ကိုယ်ပေါ်က ကြိုးတွေ မြန်မြန်လာဖယ်ပေး တို့သေလိမ့်မယ်"

အော့က လေးယောက်ကိုယ်ပေါ်တွင် ရစ်ပတ်နေသော ကြိုး များကို ဖြည်ပေးလိုက်သည်။ ဒီတော့မှ သူတို့လွတ်မြောက်သွားကြ ၏။ သူတို့က ကိုယ့်ဖာသာ အလုပ်ရှုပ်နေသဖြင့် တဒင်္ဂမျှ နှာခ်ကို မေ့လျော့နေသည်။ နှာခ်က 'မှာခ်' ဟုခေါ်လိုက်သောအခါ . . .

နှာခ်အသံကိုကြား၍ အားလုံးတုန်လှုပ်သွားကြပြန်သည်။ သူတို့အားလုံး နောက်ဆုတ်သွားကြရာ ကျောင်းနံရံအနားဆီ ရောက် သွားကြသည်။ သူတို့နှင့်အတူ မှာခ်ကိုပါ ဆွဲခေါ်သွားသည်။ သူတို့ က ထွက်ပြေးရန် နောက်ဖေးပေါက်တံခါးကို သွားဆွဲဖွင့်၏။ ဖွင့်၍





မရ။ နှာခ်က သူ့အစွမ်းဖြင့် ပိတ်ထားခြင်းပင် ဖြစ်ရမည်။ သူတို့က နှာခ်ဘက်လှည့်ကြည့်ကာ . . .

"နှာခ် . . . နှာခ် . . . ငါတို့ကို ဘာမှမလုပ်ပါနဲ့"

"ငါတို့ကြောက်တယ် နှာခ်"

"နှာခ်ရေ . . . တို့ကို မခြောက်ပါနဲ့ဟာ"

အမျိုးမျိုး ပြောကြလေသည်။ နှာခ်က ဒေါသထွက်နေသော မျက်နှာဖြင့် . . .

"နင်တို့က ဘာလို့ ငါတို့လင်မယားကြားထဲ ဝင်ရှုပ်ရတာလဲ"

ပါ့ခ်က . . .

"နှာခ် . . . နင်က မကောင်းဆိုးဝါးလေ၊ ကိုယ့်ကိုယ်ကို မမေ့နဲ့၊ နင်က သူနဲ့ အတူတူနေလို့ မရဘူး"

ရှင်းကလည်း . . .

"နှာခ် . . . နင်တို့ဘဝခြင်းခြားနေပြီ၊ သူ့ကို မနှောင့်ယှက် ပါနဲ့"

သူတို့စကားတွေက နှာခ်ကို မီးလောင်ရာ လေပင့်ဖြစ်သွား စေသည်။ နှာခ်က သူ့အစွမ်းဖြင့် အသည်းထဲတွင် လေတွေ တဟူး ဟူးတိုက်လာအောင်လုပ်ကာ မီးတွေ ငြိမ်းသွားစေ၏။ သူ့အစွမ်းဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ပင် မီးတွေပြန်လင်းလာစေသောအခါ၌မှ နာ့ခ်သည် သူတို့နှင့် မလှမ်းမကမ်း ဘုန်းကြီးကျောင်းမျက်နှာချက်တွင် ဖောက်ထိုးရပ်နေလေသည်။ မိန်းမတစ်ယောက်က လင်းနို့တစ်ကောင်လို ထိုကဲ့သို့ ဖောက်ထိုးရပ်နေခြင်းမှာ မြင်ရတာ ထိတ်လန့်စရာဖြစ်နေ၏။ နာ့ခ်က သူတို့ကို မီးဟုန်းဟုန်းတောက်လောင်တော့မည့် မျက်လုံးများဖြင့် ကြည့်နေခဲ့သည်။ ဒီတော့ သူတို့အကြောက်ကြီးကြောက်နေကြ၏။ ရှင်းက-

"နာ့ခ် . . . ငါတို့ကို မသတ်ပါနဲ့"

ဟု တောင်းပန်တော့ နာ့ခ်က . . .

"ငါဘယ်တုန်းကမှ ဘယ်သူ့ကိုမှ မသတ်ခဲ့ဘူး"

ဟုပြော၏။ တာ့က . . .

"မဟုတ်ဘူး . . . အရက်ဆိုင်က အဒေါ်ကြီးပရတ်ကို နင်သတ်ခဲ့တယ်လေ၊ သူက နင့်အကြောင်းပြောလို့ သတ်တာလို့ သူ့သားက ပြောတာပဲ"

"မဟုတ်ဘူး . . . ငါမသတ်ဘူး၊ သူ့ဖာသာ အရက်မူးပြီး ရေနစ်သေတာ"

ဒီတစ်ခါတော့ မာ့ခ်က ဝင်တောင်းပန်သည်။ သူကိုယ်တိုင် ပင် နာ့ခ်ပုံကိုကြည့်၍ ကြောက်လန့်နေခဲ့သည်။





"နာ့ခ် . . . ငါ့ကို မခြောက်ပါနဲ့၊ ငါကြောက်လို့ပါ"

နာ့ခ်က မာ့ခ်ကိုကြည့်ကာ ဖောက်ထိုးရပ်နေရာမှ သူ့လက်ကို ဆန့်ကမ်းပေးလိုက်သည်။ နာ့ခ်လက်က သူ့ဆီမရောက်၊ နာ့ခ်လက်နှင့် ထိမိအောင် မာ့ခ်က ရှေ့ကို တစ်လှမ်းချင်းတိုးသွား၏။ ကျန်သူငယ်ချင်းတွေက . . .

"မာ့ခ် . . . မသွားနဲ့ . . . မသွားနဲ့"

"မာ့ခ် . . . နာ့ခ်က သရဲလေ၊ သတိထားဦး"

သူတို့ သတိပေးစကားပြောသော်လည်း မာ့ခ်က မနားယူ။ ရှေ့တိုးသွားနေစဉ် နာ့ခ်၏ဆန့်တန်းလာသော လက်တစ်ဖက်က တစ်စထက်တစ သူ့ထံရှည်ထွက်လာသည်ကို တွေ့လိုက်ရ၏။ နာ့ခ်လက်တစ်ဖက်ထဲ ရှည်ထွက်လာသည်ကို တွေ့ရသဖြင့် ကျန်လူတွေမှာ အထိတ်တလန့် ခြောက်ခြားနေကြလေသည်။ မာ့ခ်လည်း ဒီမြင်ကွင်းကို ကြောက်သည်။ သို့သော် မာ့ခ်က နောက်မဆုတ်၊ ရှောင်ပြေးရန်လည်း မကြိုးစားဘဲ မျက်စိမှိတ်ကာ သူ့ထံရောက်လာမည့် နာ့ခ်လက်ကို စောင့်ကြိုနေလိုက်လေသည်။

* * * *



www.burmeseclassic.com

www.burmeseclassic.com

* နှာခ်ရဲ့လက်ချောင်းကလေးတွေ ပွန္ဒေးနူးညံ့နေသည်။ နှာခ်က ထိုလက်ချောင်းလေးများဖြင့် သူ့မျက်နှာပေါ်က မျက်ရည်စများကို တစ်စစီဖယ်ရှားပေးနေသည်မှာ ညင်သာလှသည်။ မေတ္တာဓါတ်အပြည့်အဝနှင့်လည်း ဖြစ်သည်။

## (၈) သရဲမှာလည်း အသဲနဲ့ပါ

www.burmeseclassic.com

www.burmeseclassic.com

## (၈) သရဲမှာလည်း အသဲနဲ့ပါ

မာ့ခ်က သူ့မျက်လုံးအစုံကိုမှိတ်ကာ မတုန်မလှုပ် ကျောက်ရုပ်တစ်ရုပ်လို ရပ်နေသည်။ သူသည် အထိတ်တလန့် စိုးရွံ့စိတ်နှင့် သူ့ထံရောက်လာမည်ဖြစ်သော နာ့ခ်၏လက်ကို စောင့်ကြို့နေခြင်းဖြစ်သည်။ သူ၏ပိတ်ထားသော မျက်လုံးအစုံမှ စိမ့်ထွက်လာသော မျက်ရည်စများသည် ပါးနှစ်ဖက်ပေါ်တွင် ယိုစီးကျနေသည်။

နာ့ခ်၏လက်များက သူ့ပါးကို လာထိတွေ့တာ သူခံစားရသည်။ နာ့ခ်သည် အစိမ်းသရဲဖြစ်သည်။ အသေဆိုးဖြင့် သေခဲ့ရသဖြင့် ကောင်းရာဘုံဘဝ မရောက်ရှာသော မကောင်းဆိုးဝါးမ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



နှော်၏လက်သည် ရေခဲတုံးတစ်ထုံးလို အေးစက်မာကျောနေသော် ပါလျက်နှင့် . . . အခုတော့ . . .

နော်ခ်ရဲ့လက်ချောင်းကလေးတွေ ပူနွေးနူးညံ့နေသည်။ နော်ခ်က ထိုလက်ချောင်းလေးများဖြင့် သူ့မျက်နှာပေါ်က မျက်ရည်စများကို တစ်စစီဖယ်ရှားပေးနေသည်မှာ ညင်သာလှသည်။ မေတ္တာဓါတ်အပြည့်အဝနှင့်လည်း ဖြစ်သည်။ မှော်ခ်က နှော်ခ်ကို တွေ့ချင်စိတ်တွေ ရင်ထဲ၌ တားဆီးမရအောင် ယိုဖိတ်လာပြန်သည်။ သူက မျက်လုံးတွေကို ဖွင့်လိုက်၏။

နော်ခ်က သူနှင့် မျက်နှာချင်းဆိုင် လက်တစ်ကမ်းအကွာတွင် ပင် ရပ်နေသည်။ သူ့လက်တစ်ဖက်လည်း ရှည်ထွက်မနေတော့။ သူကိုချင်း အင်မတန် နီးကပ်နေသည်။ နော်ခ်က ကြေကွဲဆို့နင့်သော အသံနှင့် . . .

"မှော်ခ် . . . မငိုပါနဲ့၊ နင်ငိုရင် ငါလည်း ငိုချင်တယ်၊ ငါ တောင်းပန်ပါတယ်၊ ငါတို့ ဘဝခြင်းခြားနေပြီဆိုတာ အမှန်ပါပဲ၊ ငါ့ကို ခွင့်လွှတ်ပါ၊ နင့်ကို ချစ်လွန်းလို့ ငါလိမ်မိပါတယ် မှော်ခ်ရယ်"

ဟုပြောသည်။ မှော်ခ်က သူ့ခေါင်းတွေကို ဖြည်းညှင်းစွာ ခါရမ်းပြရင်း . . .





"တကယ်တော့ နင်မလိမ်ပါဘူး နော်ခ်၊ ငါကသာ လိမ်ခဲ့တာပါ"

နှော်ခ်သာ မဟုတ်။ သူတို့နှစ်ယောက် အလွမ်းသယ်နေကြသည်ကို ပြဇာတ်တစ်ပုဒ်လို ကြည့်ရှုနေသော ရှင်းတို့တစ်သိုက်သည်ပင် ထိုစကားကိုကြား၍ အံ့အားသင့်သွားကြသည်။ နော်ခ်က . . .

"နင်က ငါ့ကို ဘာတွေလိမ်ခဲ့လို့လဲ"

"နော်ခ် . . . နင့်ကို ငါက အစောကြီးထဲက သရဲလို့ သိခဲ့ပါတယ်၊ ဆက်ပြီးတော့ မသိချင်ယောင်ဆောင်နေခဲ့တာပါ၊ အဲဒါ နင့်ကို လိမ်တာပဲပေါ့"

နော်ခ်က အံ့သြစွာ . . .

"နင်က ဘယ်တုန်းက သိတာလဲ"

* * * *

(နော်ခ်ကို မှော်ခ်က ဇာတ်ကြောင်းပြန်ပြောပြသည်။)

မှော်ခ်က ရှင်းတို့လူသိုက်ကို အိမ်ပေါ်ဖိတ်ကာ ညစာကျွေးသောညက ဖြစ်သည်။ ရှင်းတို့က သူ့မိန်းမအပေါ် ဆက်ဆံသော ရိုင်း



www.burmeseclassic.com

www.burmeseclassic.com



ပြုသည်ဟုထင်သဖြင့် ရှင်းတို့အိမ်ပြန်သွားသောအခါ မှာ့ခ်က လိုက်သွားကာ ရန်တွေ့ခဲ့သည်။ ရှင်းတို့ကတော့ နာ့ခ်သေခဲ့ပြီဆိုတာ အခိုင်အမာပြောခဲ့သည်။ အိမ်နောက်ဖေးက တောစပ်မှာ သူ့အလောင်းမြှုတ်ထားတယ်ဟုပင် အတိအကျ သတင်းပေးခဲ့၏။

ထိုနေ့ညက မိုးတွေ သည်းသည်းမည်းမည်းရွာနေသည်။ သူက မိုးထဲလေထဲမှာပင် အိမ်နောက်ဖေးသွားကာ ရှာသည်။ မြေပုံမို့မို့ကို တွေ့သောအခါ တူးကာ ရှာသည်။ မြေမြှုတ်ထားသော နာ့ခ်၏အလောင်းကို တွေ့ရ၏။ မလွဲပါ။ သေချာပါသည်။ လက်တစ်ဖက်တွင် ကျောက်နီလက်စွပ်ကလေး ဝတ်ဆင်ထား၏။ လွတ်နေသော ကျန်တစ်ဖက်က ကံဆိုးရှာသော သူတို့ရင်သွေးကလေးကို ပွေ့ဖက်ထားသည်။

သူသည် ရုပ်ပျက်ဆင်းပျက် အရိုးပေါ် အရည်တင်ဖြစ်နေသော နာ့ခ်အလောင်းကို မရွံ့မရှာနိုင်ဘဲ မိုးရေထဲတွင်ဖက်ကာ ငိုကြွေးခဲ့သည်။ ပါးစပ်ကလည်း တကြော်ကြော် အော်ခေါ်သည်။ နာ့ခ်ကြားနိုင်မည် မထင်။

အိမ်ပြန်ရောက်တော့ နာ့ခ်က သူ့ကိုကြည့်ကာ . . .

"မှာ့ခ် . . . ရွှံ့တွေပေနေပါလား၊ ဘယ်က ဘယ်လိုပေ...





...တာလဲ"

ဟု ရွှံ့တွေကို သုတ်ပေးသည်။ ပြီးတော့ ပန်းကန်တစ်ဝန်း ...ခန်ယူကာ . . .

"မှာ့ခ် . . . နင်ဆာနေရောပေါ့၊ စားလိုက်ဦး"

ဟုထိုးပေး၏။ ဒီတော့မှ မှာ့ခ်လည်း အမှန်ကို မြင်သည်။ ...န်းကန်ထဲမှာ ရှိတာတွေက ချက်ထားသော ဟင်းတွေမဟုတ်။ အင်း...ထိပိုးကောင်တွေ၊ သစ်ရွက်ခြောက်တွေ၊ ပုတ်သိုးဆွေးမြေ့နေသော ...မှိုက်တွေ။ သို့သော် မှာ့ခ်က နာ့ခ်မရိပ်မိအောင် ထိုအရာများကို ...ကောက်ယူ၍ မရွံ့မရှာ အပြုံးမပျက်စားပြသည်။ ပြီးတော့ ပြောလိုက်...းသည်။

"နာ့ခ်ချက်ထားတဲ့ ဟင်းတွေက ကောင်းလိုက်တာ"

နာ့ခ်က မှာ့ခ်ပြောတာတွေ နားထောင်ပြီး မျက်ရည်တွေ ...တွေတွေ စီးကျလာသည်။ ဩော် . . . မှာ့ခ်၊ သူ့အပေါ် အတော် ...် ချစ်ရှာသားပဲဟု သဘောပေါက်သွား၏။

နောက်ရက်တွင် နာ့ခ်က ကလေးချီကာ လှေဆိပ်၌ ရပ်ငေး...တုန်း မှာ့ခ်သည် ရှေ့သို့ကုန်းက ခြေထောက်နှစ်ချောင်းအကြား...င်အောက်မှ ကြည့်လိုက်၏။ နာ့ခ်ကို မမြင်ရ။ နာ့ခ်က ပျောက်



www.burmeseclassic.com

www.burmeseclassic.com



နေသည်။ သူဒီအတိုင်း ပြန်ကြည့်တော့ မြင်နေရသည်။ သေချာပါ သည်။ နော့ခ်က လူမဟုတ်။ အားလုံးပြောကြသလို သူ့သူငယ်ချင်း တွေ ပြောကြသလို တစ္ဆေသရဲမ။

သူ ဘာလုပ်ရမည်နည်း။

နော့ခ်မရှိခိုက် မာ့ခ်သည် သူ့အထုတ်ထဲမှ ဆရာဝန်ပေးထား သော ဗုဒ္ဓရုပ်ပွားတော်ပုံအဆောင်ကလေးကိုယူကာ လက်ဖုပ်ချီရှိခိုး ပြီး ခရထဲသို့ လွှင့်ပစ်လိုက်သည်။ နော့ခ်က နာနာဘာဝဖြစ်သည်။ ဒီတော့ ဒီအဆောင်သည် သူ့အတွက်သာ ကောင်းပြီး နော့ခ်အတွက် တော့ ကောင်းကျိုးပေးနိုင်စရာ အကြောင်းမရှိ။ (ခွင့်လွှတ်တော်မူပါ အရှင်ဘုရား)

နော့ခ်က မာ့ခ်ပြောပြသမျှတွေ နားထောင်ရင်း ရင်ထဲတွင် ဆို့နစ်၍လာသည်။ ဪ . . . မာ့ခ်သည် သူထင်ထားတာထက် သူ့ကို ချစ်ခင်သူဖြစ်သည်။ တကယ်တော့ မာ့ခ်က ဒီရွာက မဟုတ် သူတို့ ဖါးခနောင်းရွာကလေးမှာ ချောင်ကျကာ ဖွံ့ဖြိုးမှုနောက်ကျ သည်။ မာ့ခ်သည် ကျေးရွာကလေးသို့ ရောက်ရှိလာသည့် နိုင်ငံခြား သား ဆေးကုသရေးအဖွဲ့တွင် အောက်ခြေအလုပ်သမားကလေးအ ယောက်အဖြစ် ရွာကလေးသို့ ပါလာရာမှ သူတို့နှစ်ဦးတွေ့ဆုံမိ





မေတ္တာမျှခဲ့ကြသည်။ သို့သော် သူတို့ကို ခွဲခွာရက်သော ကံကြမ္မာ ကြောင့် . . .

"မာ့ခ် . . . နင်က သရဲသိပ်ကြောက်တတ်တယ်၊ အခု ငါ က သရဲဖြစ်နေပြီ၊ နင်မကြောက်ဘူးလားဟင်"

နော့ခ်က သူသိလိုသောအချက်ကို မေးလိုက်သည်။ မာ့ခ်က နူးညံ့စင်းစင်းသာ ဖြေပါသည်။

"ငါက သရဲကြောက်တယ်၊ ဒါပေမယ့် နင်နဲ့ဝေးရမှာကို ပိုကြောက်တယ် နော့ခ်"

သူတို့နှစ်ယောက် ဖက်လိုက်ကြသည်။ ဘဝခြင်းခြားနေ သော်လည်း အချစ်ခြင်းမခြားသူများ။ အရင်က ရှင်ကွဲမခွဲရတောင် သေကွဲခွဲကြရသည်ဟု ပြောစကားရှိခဲ့၏။ ယခုတော့ ဤချစ်သူနှစ်ဦး မှာ ရှင်စဉ်ကလည်း မခွဲ၊ သေပြန်တော့လည်း မခွဲ။

မာ့ခ်သည် နော့ခ်သေနေပြီဆိုတာ မသိမဟုတ်၊ သိသည်။ ဒါက အမှန်တရားဖြစ်သည်။ ဤအမှန်တရားကိုသာ လက်ခံပါက သူသည် နော့ခ်နှင့် ဆက်၍ပေါင်းသင်းနေထိုင်ရန် မဖြစ်နိုင်။ နော့ခ်ကို သူ ကျိန်းသေခွဲခွာရပေမည်။ သို့သော် မာ့ခ်သည် အမှန်တရားနှင့် အချစ်ရှိရာ၌ အချစ်ကိုသာ ရွေးချယ်ခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက်၏ ပြင်းထန်ခိုင်မြဲသော အချစ်ကိုကြည့်၍ ဘေးက သူငယ်ချင်းလေးယောက်မှာ မျက်ရည်တွေ ကျနေကြသည်။ မှာခ်နှင့် နာ့ခ်တို့၏ အပြန်အလှန် ပြောစကားများက သူတို့လေးယောက်၏ အသည်းနှလုံးကိုလည်း ပြင်းထန်စွာ ထိခိုက်နာကျင်စေသည်။ အခုတော့ သူတို့ ကောင်းကောင်းသဘောပေါက်သွားသည်။ အချစ်ဆိုတာ အင်မတန် လေးနက်သော အရာပါလား။

ဤချစ်သူနှစ်ယောက်ကိုမှ သူတို့က ခွဲပစ်ဖို့ ကြိုးစားခဲ့သည်။ အခုတော့ သူတို့အယူအဆတွေ ပြောင်းသွားသည်။ သူတို့ကို ဘယ်သောအခါမှခွဲဖို့ မကြိုးစားတော့ပါ။ သူတို့တစ်ယောက်ကိုတစ်ယောက် ဖက်လို့ ငိုသည်။

"တို့သူငယ်ချင်းတွေလည်း ဘယ်ဘဝပဲရောက်နေနေ သူငယ်ချင်းပဲနော်"

"ဟုတ်တယ် . . . သရဲဖြစ်တာတောင် မခွဲကြဘူး"

"အေးကွာ . . . မှာခ်တို့အဖြစ်က သနားစရာကောင်းလိုက်တာ"

မှာခ်နှင့် နာ့ခ်တို့ကလည်း သဘောတူညီမှုရ၍သွားသည်။ မှာခ်က . . .





"တို့ဘယ်တော့မှ မခွဲဘူး၊ နာ့ခ် . . . ငါ့ကို ခွဲမသွားပါနဲ့နော်"

* * * *

ထူးခြားသည်ဟု အများကဆိုလျှင် ဆိုနိုင်သည်။ ထိုဖါခနောင်းခေါ် မြစ်ဝကျွန်းပေါ် ရွာကလေးတစ်ရွာတွင် သရဲနှင့်လူ အတူတူပေါင်းသင်းနေထိုင်သော နာ့ခ်နဲ့မှာခ်ဆိုသော ဇနီးမောင်နှံ တကယ်ရှိခဲ့တာ အမှန်ဖြစ်သည်။ ဤဇာတ်လမ်းမှာ ထိုင်းလူမျိုးများ၏အချစ်ကို အမှန်းတင်ပြောဆိုရာ၌ စံထားရသည့် ရှေးရာပုံပြင်အဖြစ် နှစ်ပေါင်းများစွာ တည်ရှိနေပေလိမ့်မည်။ ယင်းမှာ ဂန္တဝင်သရဲပုံပြင်လည်း ဖြစ်နေပေလိမ့်မည်။

နာ့ခ်သည် သေဆုံးပြီးပါမှ သူနှင့်အတူတူ နေထိုင်နေသော အဖြစ်ကို မှာခ်က လက်ခံခဲ့သောအခါ မှာခ်သူငယ်ချင်းလေးယောက်ကလည်း လက်ခံခဲ့ကြသည်။ ဖါခနောင်းကျေးရွာသူကျေးရွာသားများကလည်း လက်ခံလာခဲ့ကြသည်။ နာ့ခ်သည် ကြောက်စရာတစ္ဆေမရှိတော့ မဟုတ်တော့။ တစ်ခါက သူတို့ရွာသူဖြစ်ခဲ့သလို ယခု

www.burmeseclassic.com



လည်း သူတို့ဖါခနောင်းရွာသူသာ ဖြစ်၍နေလေသည်။

ရှင်း၊ တာ၊ ပေါ့ခ်နှင့် အေ့ဆိုသော သူငယ်ချင်းလေးယောက် သည် သူတို့ရွာများသို့ မပြန်ကြတော့ဘဲ မာ့ခ်နှင့် နာ့ခ်တို့နှင့်အတူ ဤဖါခနောင်းရွာကလေးတွင်သာ အခြေချနေထိုင်ကြတော့သည်။ နာ့ခ်ကိုလည်း သူတို့မကြောက်ကြတော့။ မာ့ခ်ကို သဘောထားသလို ပင် သူငယ်ချင်းလို သဘောထားကာ စကားပြောကြသည်။ တစ်ခါ တစ်ရံ စကားထာဝှက်တမ်းကစားကြသည်။

နာ့ခ်ကလည်း သူကွယ်လွန်ပြီးသည့်တိုင်အောင် သူ့ချစ်သူ မာ့ခ်နှင့်အတူ နေထိုင်ရသဖြင့် သူ့ဘဝကို ပျော်ရွှင်ကျေနပ်နေလေ သည်။ သူ သရဲဖြစ်နေသည့်အတွက် တချို့ကိစ္စတွေမှာ ပို၍ပင် အဆင်ပြေနေသေးသည်။ ဥပမာ သူသည် မီးဖိုထဲတွင် ချက်ပြုတ်နေ ရင်း အိပ်ခန်းထဲမှ ကလေးငိုသံကြားရသည်ဆိုလျှင် မီးဖိုခန်းထဲမှ ထမသွားဘဲ ထိုင်ရာက မထပင် သူ့လက်တစ်ဖက်ကို ရှည်ထွက် သွားစေပြီး ပုခက်ကို လှုပ်လွှဲပြီး ကလေးအငိုတိတ်အောင် ချော့နိုင် သည်။

နောက်တော့ လူမှုရေးကိစ္စတချို့ကို သူ့အစွမ်းဖြင့် ကူညီ နိုင်တာကလည်း ကျေနပ်စရာဖြစ်သည်။ ဥပမာ ဘုန်းကြီးကျောင်း





မျက်နှာကျက်မှ မိုးယိုသော ကိစ္စ။ သာမန်လူတစ်ယောက်ဆိုပါက မျက်နှာကျက်ကို ဖါထေးရန်အတွက် ပထမ ငြမ်းဆင်ရပေလိမ့်မည်။ နာ့ခ်ကတော့ မလို။ သူ့အစွမ်းနှင့် မျက်နှာကျက်တွင် ဇောက်ထိုး နေကာ ဖါထေးပြုပြင်နိုင်သည်။ ရှင်းတို့က ဤကိစ္စအတွက် ချီးမွမ်း သည်။

သူတို့သားကလေး ဒန်မှာ မွေးကင်းစအရွယ်မှ ဘယ်တော့မှ ကြီးထွားမလာသော်လည်း မှင်စာလေးတစ်ကောင်၏ အစွမ်းအစ ရှိနေသူ ဖြစ်သည်။ တစ်ခါက ပွဲဈေးတန်းတွင်လျှောက်ရင်း မာ့ခ်က ဘောလုံးပစ်ပွဲဝင်ကာ ကံစမ်းသည်။ မာ့ခ်က နံရံတွင် ထောင် ထားသော သံပူးခွံများကို ဘောလုံးနှင့် ပစ်လိုက်စဉ် ဒန်က သူ့လက် တစ်ဖက်ကို ရှည်ထွက်အောင် ဆန့်ထုတ်ပြီး ပူးခွံများကို လဲပြိုကျ အောင် လုပ်ဖူးသည်။

ပွဲတော်ရက်များနှင့်ကြုံလျှင် သူတို့အုပ်စုကား အပျော်တမ်း သရဲခြောက်ပြသည့် သရဲအိမ်ကြီးဖွင့်ကာ စီးပွားရှာသည်။ မာ့ခ်က နံ့ပေါက်ဝမှစောင့်ကာ ငွေသိမ်းရုံပင် ဖြစ်သည်။ ရှင်းတို့သူငယ်ချင်း လေးယောက်နှင့် နာ့ခ်က သရဲလုပ်ကာ ရုံထဲဝင်ကြည့်သူများကို ခြောက်လှန့်ပြကြရသည်။ နာ့ခ်က ဘယ်လိုပင် ခြောက်ခြောက်၊



www.burmeseclassic.com

www.burmeseclassic.com



ကြည့်သူတွေက မကြောက်ကြ။ နာ့ခ်ကို သရဲအတုဟု ထင်နေသော ကြောင့် ဖြစ်လေသည်။

(ကိုယ်ရောစိတ်ပါ ရွှင်လန်းချမ်းမြေ့ပါစေ)

ဒေဝစကြာ

(ဇူလိုင် ၂၀၁၃)



BURMESE CLASSIC

www.burmeseclassic.com